
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ချစ်လှချည်ရဲ့

ကျွန်မတို့ အမျိုးများသည် သဘက်ဝင်မျိုးတွေဆိုလျှင် မှားမည် မဟုတ်ပေ၊ အမျိုးတွေလည်း တမြို့ကြီးဖြစ်သည်၊ ဟိုအသက်မောင်နှမနှင့် ဒီအသက်မောင်နှမ လက်ထပ်ကြ၊ ညီအစ်ကိုနှစ်ယောက်လုံးကပင် တူမနှင့် အဒေါ်ကို ယူချင်လည်းယူကြသည်၊ ယောကျ်ားဘက်ကအမျိုးများနှင့် မိန်းမဘက်က အမျိုးများသည် ဆက်၍ဆက်၍ ဖလှယ်ယူနေကြသောအခါ ကျွန်မတို့အမျိုးများသည် နှစ်ထပ်ကွမ်း-သုံးထပ်ကွမ်း ရှုပ်နံရံခါ နှစ်ဆက်တော်တော်နေကြလေသည်၊

ကျွန်မကိုယ်တိုင်ကပင် အမျိုးများကို အမျိုးမစပ်တတ်တော့ပေ၊ ဒီအသိုက်အမြုံထဲရောက်လာ၍ အမျိုးဟုဆိုလျှင် တော်ပစ်လိုက်ပေသည်၊ စစ်စစ်မြစ်မြစ်ကိုတော့ဖြင့် အရှည်အဝေးကြီး လိုက်စစ်မနေတော့ပေ၊

စစ်ရန်ကလည်း ခက်ဘိတောင်း၊ ယောကျ်ားတစ်ယောက်ဆိုပေမယ့်-ဦးလေး တော်ချင်လည်းတော်နေသည်၊ အစ်

www.burmeseclassic.com



ကိုတော်ချင်လည်း တော်နေသည်။ ကျွန်မသည် ဘယ်တော့မှ ဆွေရေးမျိုးရေးနှင့် ခေါင်းရှုပ်မခံပေ။ ဆွေမျိုးများသည်ဆိုသည်မှာ အင်အားတောင့်တင်း၍ ကောင်းမွန်သလောက် စကား ရှုပ်လှသည်။ ကျွန်မကလည်း ထွေလာ-ကောလာ ရှုပ်ရှုပ်ယှက်ယှက်တွေကို ကြိုက်လည်းမကြိုက်၊ ရှင်းလည်းမရှင်းတတ်ပေ။

ဆွေမျိုးထဲက တစ်ယောက်ယောက် စကားရှုပ်လာ၍ အမှုပေါ်လာလျှင် ကျွန်မဆီ မလာနှင့်တော့၊ အကယ်၍ ရောက်လာပါလျှင် ပို၍ရှုပ်ကာ ထသတ်ကြသည့်အဖြစ်သို့ ရောက်မည်ဖြစ်သည်။

ယခုလည်း ကိုကိုမောင်ကို ဘာတော်လဲဟုမေးလျှင် အစ်ကိုတော်ကြောင်းသာ သိလေသည်၊ ဘယ်လိုစပ်၍ ဘယ်နှစ်ဝမ်းကွဲ တော်မှန်းတော့ မသိပေ။

ကိုကိုမောင့်အမေကမူ ဆွေမျိုးစုထဲတွင် အသက်လည်းကြီးသည်၊ ငွေကြေးလည်း ချမ်းသာလှသည်။ ဩဇာတိက္ကမလည်း ဆွေမျိုးများအပေါ်တွင် လွှမ်းမိုးနေသူ ဖြစ်လေသည်။ အားလုံးကပင် မေမေကြီးဟူ၍ ခေါ်ကြသည်။

မေမေကြီးဆိုလျှင် ဆွေစုမျိုးစုတို့သည် မီးသေကြသည်။ ယခုလည်း မေမေကြီး၏ ညွှန်ကြားချက်အရ မြစ်ဝကျွန်းပေါ်ဒေသတွင် ပြန့်ကျဲနေသော ကျွန်မတို့ အမျိုးတစ်သိုက်သည် ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့လာကြသည်။

ယခုမင်းပေါင်းဆုံ၍ ဆွေမျိုးစုံကြသောအခါ ပြဿနာ



များသည် ရှုပ်၍လာကြသည်။

"ဘယ်သူက ဘယ်သူ့ကို ဘယ်လိုပြောမြန်ပြီ"

"ဘယ်သူ လင်ယူမဲ့ဟာကို ဘယ်ဟာက ဘာပြောမြန်ပြီ" နှင့် အတိုင်အတော တူလိုက်ကြသည်မှာ မေမေကြီး ရှိပေ၍ သာတော်တော့သည်။

အမျိုးထဲမှ မိန်းကလေးတစ်ယောက် လင်ယူသည့်ကိစ္စကိုပင် အေးအေးချမ်းချမ်းပြီးသွားသည် မရှိလှပေ။

ကျွန်မ မိခင်ကိုမူ မေမေကြီးက မရေခဲဟူ၍ခေါ်သည်။ သူသည် အမျိုးတသိုက်ထဲတွင် ရေငုံ၍ မကုန်မလှုပ်နေလွန်းလှသည်။ ဒါကြောင့်ပင် မေမေကြီးက သူ့ကို မရေခဲဟူ၍ ခေါ်ခဲ့လေသည်။

ယနေ့လည်း အမျိုးများ ကျွတ်စီကျွတ်စီ ဖြစ်နေသည်။ ကျွတ်စီရခြင်းအကြောင်းမှာ ကိုကိုမောင် အမေရိကမှ ပြန်လာမည့်နေ့ဖြစ်သဖြင့် ဦးကြီးများ၊ အဒေါ်များ၊ တူ-တူမ၊ ညီ-ညီမ၊ ဘုစု,ခရု နှင့် သက်ကြီး သက်လတ်တွေပါမကျန် ကြိုဆိုဖို့ပြင်နေကြသည်။

မေမေကြီးကလည်း. . . ခေသူမဟုတ်၊ အငြိမ်းစား မင်းကြီးကတော်၊ လယ်မြေများ၊ အမြောက်အမြားပိုင်၍ လက်ရှိလည်း ရန်ကုန်တွင် ဆန်စက်နှစ်လုံး လည်နေနိုင်သေးသည့်သတ္တိရှိသေးသည်၊ ထားဝယ်ဘက်တွင်လည်း မိုင်းအလုပ်ကိုအပြေထားလေသည်။

သောင်းကျန်းသူများကြောင့် အစစအဆင်မပြေခိုက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပင့် စက်မှုဝင်ငွေမှန်၍ သာစွာရှိသော လယ်သမားများက ယခင်ကလိုပင် သူ့ကိုစပါးအပ်ကြသေးသည်။ လယ်ပိုင်ရှင်များထဲတွင်မူ ကံကောင်းသော အမေကြီးဖြစ်ပေသည်၊

မေမေကြီးသည် စီးပွားရေးမှာရော ပေါင်းသင်းဆက်ဆံရေးတွင်ရော ကျွမ်းကျင်ပိုင်နိုင်လှသူ ဖြစ်လေသည်။ ဒါကြောင့်လည်း မင်းကြီး ကွယ်လွန်သွားသောအခါ မုဆိုးမသူဌေးတစ်ဦးအဖြစ်နှင့် ဆွေမျိုးတစ်သိုက်ကို လွှမ်းမိုးနိုင်ခြင်း ဖြစ်လေသည်။

မေမေကြီးသည် သူ့သား ကိုကိုမောင်ကို အစဉ်ဂရုစိုက်၏။ သူ့သားနာမည်မှာ ကိုတင်မောင် ဖြစ်သည်။ ဒါပေမယ့် သူက ခေါ်သည်မှာ ကိုကိုမောင်ဖြစ်သည်၊ ဒါကြောင့် တစ်မျိုးလုံးက ကိုကိုမောင် ဟူ၍ပင် ခေါ်ကြတော့သည်၊

ကိုကိုမောင်သည် အမ်အေဘွဲ့ကိုယူပြီး၍ အမေရိကတွင် သတင်းစာလုပ်ငန်းကို သွားရောက်သင်ယူနေခြင်း ဖြစ်လေသည်။

"သမီး. . . ကိုကိုမောင်ကို သွားမကြိုဘူးလား. . . ."

မေမေက ကျွန်မကို သွားကြိုစေချင်သည်။

"မကြိုချင်ဘူး. . . . မေမေရာ. . . . ဟိုမှာအမျိုးတွေ ခြံရှုပ်နေမှာ ပြီးတော့ ဘာကစပြီးပြောရမှန်းလဲ မသိဘူး. . ."

"အေးလေ. . . ဒီလိုဆိုလဲ ညနေကျတော့ အိမ်သွားပြီး နှုတ်ဆက်ပေါ့ သူကသမီးကို တော်တော်ချစ်ပါတယ်"

ကျွန်မသည် ကိုကိုမောင်က ချစ်သည်ဆိုသောစကားကို



မယုံပေ၊ ကျွန်မသိတတ်သော ယခုအရွယ်ရောက်မှ ကိုကိုမောင်နှင့် မတွေ့ခဲ့ရသည်မှာ ကြာပေပြီ၊ ငယ်ငယ်တုန်းကလည်း တစ်ခြံစီနေကြ ယခု ကျွန်မရန်ကုန်ပြောင်းလာချိန်တွင်လည်း သူက နိုင်ငံခြားသွားနေပေမည်။

သို့သော် ဘယ်လိုပင်ဖြစ်စေ ဝတ္တရားဆိုသည်မှာ ရှိသေးသည် မဟုတ်ပါလော။ ဘယ်လိုဖြစ်ဖြစ် ဆွေမျိုးတို့ ဝတ္တရားရှိသည့်အတိုင်း ညနေတွင်တော့ ကိုကိုမောင်ကိုသွား၍ နှုတ်ဆက်ရပေမည်။

ဆွေစုမျိုးစုတွင် ကြီးသောသူများက ဝတ္တရားချွတ်ယွင်းခဲ့သော် ငယ်သောသူများက အပြောရခက်လှ၏။ ဝယောဝုဍ္ဍိများ ဂုဏဝုဍ္ဍိများကို ထောက်ရသည်ကတစ်မျိုး၊ ငယ်သည့်သူက ဆရာလုပ်သည်ဟု အထင်ခံရမည် စိုးရိမ်သည်ကတစ်မျိုးနှင့် အတော်ပြောရခက်၍ ငုံ့ခံကြရပေသည်၊ ငယ်သည့်သူက ဝတ္တရား တစ်စုံတစ်ရာ ပျက်ယွင်းခဲ့ပါမူ. . . .

"နင်ကအငယ်၊ နင်က ဘာဂုဏ်ခံပြီး သွားမတွေ့ချင်ရတာလဲ၊ သူတို့က မလာဘူးပဲထား၊ နင်ကသွားရမယ် ဒါ နင့်ဝတ္တရား" ဟူ၍ ကဲ့ရဲ့လိုဝိုင်းအော်မည့် ဆွေစုမျိုးစုပါးစပ်ပေါက်ကိုလည်း ကြောက်ရပေသေးသည်။ ဆွေစုမျိုးစုဆုံရာသို့ မသွားချင်သော စိတ်ညာဉ်ဆိုးတစ်ခုမှာ ကျွန်မတွင်ရှိ၏၊ စင်စစ် မသွားချင်သည်မှာ ဆုံကြသည့်အခါ ဟန်ပန်များက အမျိုးမျိုး ဖြစ်၏၊ ဟန်လုပ်ပြောနေသော စကားတစ်ခုကို ကြားကြားကြားနေရလျှင် ကျွန်မသည် မနေတတ်မထိုင်တတ်၊ မေမေကတော့ [illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟုဆော အမည်နှင့်လိုက်အောင် ရေငုံနေတတ်သော် လည်း၊ ကျွန်မကတော့ အသက်ရှုရကြပ်လာတော့သည်။

တစ်ခါက အမျိုးဘုရားကိုးဆူပွဲတစ်ခုတွင် ကျွန်မတို့ အမျိုးထဲမှ မင်းကြီးကတော် ဒေါ်မမမှာ အပြောအကြွယ်ဆုံး ဖြစ်လေသည်။

သူသည် အမျိုးတို့တွင် ငွေရေးအသိတတ်ဆုံး ဆင်းရဲသော ဆွေမျိုးများကိုလည်း ထောက်ပံ့ရသူအဖြစ် စီးကရက်ကို လက်ကြားညှပ်၍ ဟန်ပါပါနှင့် ပြောနေတော့သည်။ မေမေ့ ဘက်သို့ မျက်စရိုက၊ . . .

"ဘကြီးတာလာတုန်းက ကျွန်မကန်တော့လိုက်ရသေးတယ် ဒေါ်ငြိမ်းခင်။ လယ်တွေပိုးကျလို့ ဘကြီးတာ အတော်ပန်းနေတယ်၊ ဒေါ်ငြိမ်းခင်တို့ကလည်း ထောက်ပံ့ပါဦး" ဟု သူသည် ကောင်းမှုရေးရာတွင် ဆွေမျိုးတို့အား ဆော်ဩပေးသူ အနေနှင့် လေသံမြှင့်ကာပြောလိုက်၏။

ဘကြီးတာသည် ကျွန်မတို့အမျိုးထဲတွင် အတော်ဆင်းရဲရာသူဖြစ်ကြောင်း ကျွန်မသိ၏၊ ဒေါ်မမထံမှ ဘကြီးတာ ဘယ်လောက် ရသွားသည်ကိုလည်း ကျွန်မသိ၏။

"ဒီမှာ ကြီးကြီး. . . ဘကြီးတာလာတုန်းက ကြီးကြီး ဘယ်လောက် ကန်တော့လိုက်လဲ. . . ."

ကျွန်မတွယ်တော့မည်ကို မေမေသိလေပြီ၊ မေမေက ကျွန်မအား မျက်စောင်းပစ်ထိုးလိုက်၏၊ ဆွေမျိုးတစ်သိုက်က ကျွန်မကိုစူးစိုက်ကြည့်၏။



"ငွေ ၅ကျပ်နဲ့ အကျီတစ်ထည်"

ငွေ. . . ငါးကျပ်ကို ပြောချိန်တွင် လေသံကိုနှိမ့်လိုက်၏။

"ဟုတ်ကဲ့. . . . မေမေက အဲဒီတုန်းက ဘကြီးတာကို ငွေ ၁၀၀/ တစ်ရာ ကန်တော့လိုက်တယ်၊ နောက်လည်း လစဉ် ငွေ ဆယ့်ငါးကျပ်-ဆယ့်ငါးကျပ် ပို့နေတုန်းပဲ၊ မေမေ့အနေနဲ့က မှဆိုးမမို့လား၊ ဒါလောက်ပဲ တတ်နိုင်တယ်. . . ."

မင်းကြီးကတော် ဒေါ်မမကား တချိုးထဲလစ်တော့သည်။ မေမေကမူ ကျွန်မပေါင်ကို ကြိတ်လိမ်တော့သည်၊ ဆွေမျိုးများကမူ ဝိုင်းရယ်ကြသည်။

"မိခင်ယုကတော့ ဘယ်လို'ဘု'လည်းမသိဘူးတော့" ဟု ဝေဖန်ကြသည်၊ အိမ်ရောက်လျှင်မူ မေမေသည် နင်းကန်ဆူတော့သည်။

"မိခင်ယုတစ်ယောက်အတွက်တော့ ငါသေချင်တယ်၊ မေမေမျက်စောင်းထိုးတာကို မမြင်လိုက်ဘူးလား၊ သူပြောချင်တာပြောပါစေပေါ့၊ ဒီမိန်းမဟာ လေများတယ်ဆိုတာ အမျိုးတွေအားလုံး သိတယ် သမီးခုလိုပြောတော့ သမီးမှာဘာအရေးသာရှိလဲ. . . ."

"အရေးသာ လိုချင်လို့မဟုတ်ပါဘူးမေမေရ သူကပါးစပ်ရှိတိုင်း ပေါက်ကရပြောနေတာ သမီး နားမထောင်တတ်ဘူး။ ဆွေမျိုးထဲမှာ တကယ်ကျပြီး ချွတာက မေမေကြီးရယ်. . . . သူကမြင့် တစ်ယောင်ကျော်ရနေတဲ့ မင်းကြီးကတော်ဖြစ်ပြီး ငွေ ၅ကျပ်လေးပေးခဲ့ရတာကို တကတဲဆွေမျိုးတို့ အစည်းအဝေး

www.burmeseclassic.com



ဝေးမှာ ပြောလိုက်ရတာအမေ"

"အေး. . . . အဲဒါဘာဖြစ်လဲ၊ သူဟာသူပြောတာ လူမသိတာလိုက်လို့ ဆွေမျိုးတွေက သူ့ကို ရယ်စရာ မိန့်းမပေါ်လို့ သဘောထားတာ၊ သမီးခုလိုပြောလိုက်တော့ ဒီကောင်မလေး ကိုယ့်ထက်အကြီးကိုပြန်ပက်တယ်၊ စွာတယ်၊ သိပ်ဘုကျတယ်လို့ အပြောမခံရဘူးလား. . . . မေမေ ဘယ်လိုနေလဲ၊ မေမေနေသလိုများနေနုမ်းပါ၊ နိုင်ချင်တဲ့လူက အနိုင်ယူပါစေပေါ့၊ အသားယူချင်တဲ့လူက ယူပါစေပေါ့။ ကိုယ်ကသာ ကိုယ့်ဘက်က စစ္စရားမပျက် ထောက်ပံ့သင့်တဲ့လူကို ထောက်ပံ့၊ ကျွေးမွေးသင့်တဲ့လူ ကျွေးမွေး၊ ချစ်ချင်တဲ့လူလည်း ချစ်ပေါ့၊ မုန်းချင်တဲ့လူလည်း မုန်းပေါ့၊ သမီးဟာက ကြက်ခေါင်းဆိတ်မခံ"

မေမေသည် သူ၏ခန္ဓဝါကို စတင်တရားဟောတော့သည်။ ကျွန်မလည်း ထိုအချိန်ကစ၍ မေမေ့ကိုလျှော့ပေးလိုက်ပါတော့သည်။ သို့သော် ဆွေမျိုးတို့ဆုံရာသို့ နောင်အခါတွင် ခဏ,ခဏ မသွားပါရစေနဲ့ဟု မေမေ့ကို တောင်းပန်ထားရ၏။

"အေးပေါ့လေ မသွားမဖြစ်ရင်တော့ သမီးသွားရမှာပဲ၊ မေမေတို့မှာ သားအမိနှစ်ယောက်တည်းရှယ်၊ ကိုယ့်ဟာကို မကြားချင်ရင် နားမထောင်နဲ့ စကားမပြောချင်ရင် နှုတ်ပိတ်နေ။ တို့များဟာ မွေးလာတယ်ဆိုကတဲက လူ့ဘောင်ရဲ့ အိမ်ထောင်စုမှာ အိမ်သားတစ်ယောက် ဖြစ်လာတာပဲ၊ တစ်ခါတစ်လေ ကိုယ်မကြိုက်တာတွေကိုလည်း လိုက်လျောရတာပဲ။ ကိုယ်ကြိုက်တာဆိုပေမယ့်လဲ လုပ်ချင်မှလုပ်ရတာပဲ. . . . အခု



လည်း ကိုကိုမောင့်ကိုသွားတွေ့ရင် ဘုတွေပွတွေ ချမလာနဲ့ဦး"

မေမေက သမီးအကြောင်းသိသူမို့ ခိုးရိပ်တကြီးမှာ၏။

"မချပါဘူးမေမေရာ၊ ခုလောက်ဆိုလည်း မေမေ့အမျိုးတွေ ကိုကိုမောင့် အိမ်မှာရှဲ့လောက်ပါပြီ၊ သမီးနဲ့ မေမေကြီးနဲ့က ကိုက်ပါတယ်။ မေမေကြီးက အသက်ကြီးသလောက် တကယ်လည်း အလုပ်လုပ်တယ်။ သူမလုပ်နိုင်တာကိုလည်း ပါးစပ်က အပိုမပြောဘူး။ သမီးက ဒါမျိုးဆို သိပ်သဘောကျတာ. . . .၊ အလ ကားနေ-မလုပ်နိုင်ဘဲ လေလျှောက်ပန်းနေရင်သာ သမီးစိတ်ထဲက ယားကျိယားကျဲဖြစ်လာရော. . . .

မေမေက လက်ခေါက်ကိုပြလိုက်၏။

"ဒီတစ်ခါ မီခင်ယု ဘုချလာတယ်ကြားရင်လားကွယ် စိန်ဝေဒါသတ် လက်သံပြောင်ပြောင်နဲ့ ခေါက်မယ်ကြားလား"

ကျွန်မကား ငယ်စိတ်ကို အတော်ပင်ဖျောက်ရဦးမည်ပါတကား။

□

ကိုကိုမောင်တို့အိမ်မှာ မင်္ဂလာဒုံလမ်းပေါ်တွင်ဖြစ်၍ မြို့နှင့် အလှမ်းဝေးသည်နှင့်အမျှ အေးချမ်းထိတ်ဆိတ်လှသည်။

ကျွန်မကားကလေး မြဲသို့ရောက်ချိန်တွင်မူ ကိုကို

www.burmeseclassic.com



မောင်ကို ပထမဦးဆုံးမြင်ရသည်။ မြင်ခင်းများသည် စိမ်းစို၍ညို နေသည်။ အစ်လိပ်နှင်းပန်းပွင့်အဖြူနှင့် ပန်းရောင်များသည် မြက်ခင်းများကြားရှိ အုတ်လမ်းငယ်များ ဘေးတွင်စီ၍ ပွင့်နေသည်။

ကိုကိုမောင်သည် မြက်ခင်းပေါ်တွင် ကုလားထိုင်နှင့် ထိုင်နေသည်။ အမေရိကန်မြန်ကြီးမှိုလားမသိ၊ အတော်ပင် လှလာသည်။ အထူးသဖြင့် ဖွေးသောလည်တိုင်အောက်တွင် နီညိုရောင်လည်စည်းမှာ သူနှင့်လိုက်ဖျောလှသည်။

"ဟယ်. . . . . ခင်ယုလေးပါလားဟ လာစမ်း"

သူသည် ပြုံးရွှင်အားရစွာပင် ကျွန်မကို လှမ်း၍နှုတ်ဆက်လိုက်သည်။

ကျွန်မအနားသို့ရောက်လာလျှင် နားရွက်ကိုဆွဲလိမ်လိုက်သည်။

"အား. . . . ကိုကိုမောင်ကလည်း နာလိုက်တာ. . .၊ နေကောင်းရဲ့လား. . . . ."

"ကောင်းပါတယ်ဟ. . .။ မင်းကလည်း ထွားလာလိုက်တာ၊ အပျိုကြီးဖြစ်နေပြီဟေ့. . ."

ကျွန်မသည် ရယ်၍နေလိုက်ပါသည်။ တကယ်တော့ အပျိုဖြစ်နေသည်မှာ ကြာလှပါပကော။ သူက ဒါကိုစကားလုပ်၍ပြောသည်ကို ကျွန်မ မကြိုက်ပေ။

"မေမေကြီးတို့ကော. . ."

"ဟိုမှာ လာနေပြီ. . ."



တဘက်မြက်ခင်းတွင် မေမေကြီးသည် မြေးအငယ်ဆုံးကို လက်တွန်းလှည်းနှင့်တွန်း၍ ကျွန်မတို့ဆီလာနေသည်။ နောက်တွင်မူ ကလေးအကြီးနှစ်ယောက်ကို ကိုကိုမောင့်ဇနီး မငွေခင်က လက်တွဲ၍ လျှောက်လာသည်။

ဘယ်တော့မဆို မမခင်သည် အေးအေးဆေးဆေးရှိလှသည်။ သူ၏လင်ဖြစ်သူသည် လပေါင်းများစွာ ခွဲခွာနေရာမှ ပြန်လာချိန်တွင်ပင် သူသည် ပူပူနွေးနွေးတက်တက်ကြွကြွ မရှိပေ။ ကျွန်မကို လှမ်း၍ပြုံးပြလိုက်သည်ကပင် အေးစက်နေးကွေးလွန်းလှသည်။

ကိုကိုမောင့် အမူအရာကိုကလည်း မမခင့်အပေါ်တွင် ဟက်ဟက်ပက်ပက် မရှိလှ၊ သူ့အနားသို့ရောက်လာသော ကလေးသုံးယောက်စလုံးကိုပင် သူသည် လှမ်း၍မကြိုပေ။ သူတို့သည် ဘေးက ကုလားထိုင်တွင် ဝင်၍ထိုင်ကြသည်။

"မရေခဲတစ်ယောက် နေကောင်းလားဟေ့. . ."

"နေကောင်းပါတယ် မေမေကြီး. . ."

မေမေကြီးသည် မြေးငယ်ကလေး၏ ဆံပင်ကိုပွတ်ရင်း တစ်ခုခုကိုတွေးနေပုံရသည်။

"မခင်ယုလာတာအတော်ပဲ. . . . ကိုကိုမောင်. . . ."

ကိုကိုမောင်သည် အဓိပ္ပာယ်ကိုနားမလည်ပေ။ ကျွန်မလည်း သူဘာပြောမည်ကို မသိပေ။

"သား. . . . ဒီမှာ လုပ်နေရစ်ခဲ့ရမဲ့ သတင်းစာလုပ်ငန်းမှာရော၊ ပုံနှိပ်စက်လုပ်ငန်းတွေမှာရော အတွင်းရေးမှူးတင်

www.burmeseclassic.com



ယောက်တော့လိုတယ်ကွဲ့။ ဘာပဲဖြစ်ဖြစ် ယုံကြည်အားထားရတဲ့သူပေါ့။ Private Secretary သဘောမျိုးပေါ့။"

"အဲ. . . . ဟုတ်တယ် လို့မှာပဲမေမေ. . ."

"ဒီတော့. . . . မေမေစဉ်းစားမိတယ် မခင်ယုဆိုရင် အတော်ဘဲ. . ."

ကျွန်မသည် အံ့အားသင့်သွားသည်။ ဘာပဲဖြစ်ဖြစ် မေမေကြီးသည် ကျကျနနစီစဉ်တတ်သည်။ ဒါပေမယ့် ဘယ်လို မှန်းမသိ ကိုကိုမောင်နှင့်တော့ တွဲ၍မလုပ်ချင်ပေ။

"ဘယ့်နှယ့်လဲသမီး. . . ၊ မေမေကြီး စီစဉ်တာ သဘောကျရဲ့လား။ လခ,ကတော့ ၃၅၀ လောက်ပေါ့။ ထမင်းစားတာရော၊ အိမ်နေဘို့ရော သမီး ကိုကိုမောင်နဲ့ တူတူနေရစ်ခဲ့ရမယ်. . ."

၁၀-တန်းအောင်ရုံနဲ့ လခ ၃၅၀မှာ ကျွန်ပပြင်းပယ် ထိုက်ပေ။ ကျွန်မတွင်လည်း မိခင်ကြီး၏ တာဝန်ရှိနေသေး သည်။

"နေပါဦးမေမေကြီး. . . . ၊ နေရစ်ခဲ့ရမယ်ဆိုတော့ မေမေကြီးတို့က. . ."

"ဪ. . . အေးအေး. . . တို့များက မော်လမြိုင်ကို ပြန်သွားမယ်။ ဟိုမှာလည်း သစ်ကိစ္စတွေ မပြီးပြတ်သေးဘူး မဟုတ်လား. . . . ။ သမီးက သားနဲ့ ဒီအိမ်မှာနေရစ်ခဲ့ရမယ်။ မနေရခဲလည်း မေမေကြီးခေါ်သွားမယ်၊ သစ်ကိစ္စမှာ သူ့အကူအညီက အတော်လိုတယ်။ သူက ငယ်သားကို မြေပြစ်အောင်



အုပ်ချုပ်တတ်တယ်"

ကိုကိုမောင်သည် ပြုံးနေသည်။

"ဘယ့်နှယ့်လဲ. . . လက်ခံမလား. . . ခင်ယုလေး. . . ."

ကိုကိုမောင့်မေးခွန်းကို ကျွန်မ မဖြေတတ်သေးပေ. . . ။

"ဟုတ်ပါတယ်၊ မခင်ယုနဲ့ဆိုရင် သင့်ပါတယ်၊ ကိုယ့်မောင်နှမချင်းဆိုတော့ အစစသည်းခံနိုင်တာပေါ့။ အလုပ် အပေါ်မှာလည်း သစ္စာရှိတာပေါ့. . . . ."

မငွေခင်သည် ဖြည်းဖြည်းလေးဝင်၍ပြောသည်။ သူသည် သူ့ယောကျ်ားအတွက် စိတ်ချရလောက်သောအဖော်ကို ရစေချင်သည်။

"ကျွန်မအတွက်တော့ ငြင်းစရာမရှိပါဘူး၊ မေမေကြီး။ မေမေ့ကိုသာ ပြောပြပါ"

"အေးအေး. . . ငါမနက်ဖြန်တော့ မရေခဲနဲ့ တွေ့နိုင်ပါ လိမ့်မယ်၊ ပြောပြမှာပေါ့. . . . ."

❏

အလည်သွားရင်း ကျွန်မ အလုပ်ရခဲ့လေသည်။ မေမေကလည်း အလုပ်ကိုသဘောတူသည်။

သို့သော် အသက်မွေးဝမ်းကျောင်းအတွက် ပထမဦးဆုံး ကျွန်မ အလုပ်စလုပ်ချိန်ဖြစ်၍ စိတ်ချပုံမပေါ်ပေ။

"အိမ်မှာလိုတော့ စိတ်မဆတ်နဲ့၊ ခေါင်းမမာနဲ့နော် . . .

www.burmeseclassic.com



သူများဆီမှာ အလုပ်လုပ်တယ်ဆိုတာ အလွန်သည်းခံရတာပဲ"

မသွားခင် သူသည် စကားစပ်မိတိုင်း ဒီလိုပဲထွေထွေ ထွေထွေပြောနေသည်။ တုတ်လည်းတုတ်ပေသည်။ ကျွန်မတစ်ယောက်ကလည်း မှန်သည်ဟုထင်လာလျှင် ဘာပဲဖြစ်ဖြစ်စွတ်၍ထင်ချင်သည်။ လူငယ်စိတ်ပေကိုး. . . .၊ ကြောက်ရမှန်းလည်းမသိပေ။ မခံ,ယချင်တော့ဘူးဆိုလျှင်လည်း ယောင်၍ ပင်ဦးမညွတ်ချင်တော့။ ကျောင်းကထွက်စဆိုသည်မှာ ဦးမကျိုး-အပိုးမသေ, အစယောင်၍ နေတတ်သည်။

လောကမှာတို့ ဘာတို့ဆိုသည်မှာလည်း တွေ့ဘူးသေးသည်မဟုတ်။

'တယ်မ,ပါ၊ မြူစုပါ၊ မွဲသွေ့သွေ့မျက်နှာနှင့် ကိုယ့်ချွမ်းသာရာရကြောင်း၊ ငယ်ဝေါင်း စုတ်ပုံ၊ နုံနုံ့သည် စကားများကို ယောင်မှား၍ဆိုမိလျှင်၊ လျှာတိုအောင် ရိုက်ချင်၏'

ဆိုသည့် ဦးပုညစကားလုံးများကို စာအုပ်ထဲမှ အလွတ်ရပြီးသည့်အတိုင်း လက်တန်းရွတ်၍ ဘယ်တုန်းကမှ ဦးမကျိုးခဲ့ပေ။

ယခုတော့ ကျွန်မသည် ဘဝကိုစ,ရပေပြီ။ ဘယ်လိုစခန်း သွားရမည်မှန်းတော့ ကြိုတင်၍ မတွေးခေါ်တတ်ပေ။ မြစ်သမျှအကြောင်းပေဘဲပေါ့။

ကျွန်မလက်အောက်တွင် လက်ရေးတိုလက်နှိပ်စက်တစ်ယောက်ပေးထားသည်။ အလုပ်တွေကလည်း များလိုက်သည့်ဖြစ်ခြင်း၊ သတင်းစာတစ်စောင် တည်ထောင်ရသည် ဆိုသည်



မှာလည်း မလွယ်ကူလှ။

ကိုကိုမောင်က သတင်းစာ၏ပေါ်လစီကို ကိုင်ထားသည်။ ရံဖန်ရံခါလည်း ခေါင်းကြီးပိုင်းနှင့်ဆောင်းပါးများကို ရေးပေးသည်။ တစ်ဘက်ကလည်း သူသည် အမေရိကမှ စာအုပ်များကို ဘာသာပြန်၍ ထုတ်ဝေသည်။

ကျွန်မသည် တစ်ခါမှမနားရပေ။ ငွေရေး-ကြေးရေးပြင်ပဆက်ဆံရေးများနှင့် ရှုပ်လာသည်။ အိမ်ရောက်ပြန်လျှင်လည်း ကိုကိုမောင်တစ်ယောက်သည် အင်မတန် ကလေးဆန်သည်။ သူ့ဝေယျာဝစ္စများနှင့် ကျွန်မမှာ မအားရပေ။

ကျွန်မစိတ်ထဲတွင် စိတ်မကောင်းခြင်း ဖြစ်ရသည့်ကိစ္စတစ်ခုပေါ်လာသည်။ ထိုကိစ္စမှာ မမခင်သည် နှစ်ပတ်လောက်ပဲနေရစ်၍ မေမေကြီးနှင့်အတူ လိုက်သွားတော့သည်။ ဘာကြောင့်များ သူတို့ လင်မယားအတူမနေကြပါလိမ့်။ သူ့မိန်းမမရှိဘဲ ကျွန်မ်တာရှည်နေ၍ ဖြစ်ပါမည်လား. . . .၊ ပြဿနာတွေမှာ ရှုပ်ထွေး၍နေတော့သည်။

"ဘာတင်းစားချင်တယ်ကွယ်. . . ." ဆိုသည်ကအစ ကျွန်မ စီမံနေရတော့သည်။

ကိုကိုမောင်၏ 'တက်နေဝန်း' သတင်းစာမှာလည်း အရှိန်ရ၍လာလေသည်။

အမှန်တော့ အယ်ဒီတာနှင့် တိုက်တုပ်တို့၏ ကျွမ်းကျင်မှုဆိုလျှင် မမှားပေ။ ကိုကိုမောင်သည် သတင်းစာလုပ်ငန်းတွင် စိတ်ဝင်စားပုံမပေါ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမေရိကမှ တချို့စာအုပ်များကိုမှာယူ၍ ဘာသာပြန်သည်၊ ပုံနှိပ်ထုတ်ဝေသည့်ကိစ္စတွင်မူ အများဆုံးသူ့ကို ကူညီခဲ့ရပေသည်။

သို့သော် ထောင်သောင်းချီ၍ ငွေရင်းမြှုပ်ထားရသော သတင်းစာလုပ်ငန်းတွင် သူစိတ်မဝင်စားသည်ကို ကျွန်မက မကျေနပ်ပေ၊ တချို့များ သတင်းစာလုပ်ငန်းတွင် ဝါသနာကြီးလွန်း၍သာ ပေနေကြသည်၊ အရင်းအနှီးမှာ နှစ်ပြားတစ်ပဲနှင့် ပေကြရပေသည်။

ယခုကိစ္စမှာမူ ခုံပြီး၊ ခပ်ပြီး ဝင်စားရသော်လည်း ကိုကိုမောင်လုပ်ပုံမှာ ပေါ့ဆဆနိုင်လှသည်။ အရင်တုန်းကတော့ ဝါသနာပါလှသည်ဆိုသော ထိုလုပ်ငန်းကို စိတ်ကူးထဲတွင် အတော်ကျေနပ်ခဲ့ပေသည်။

အိမ်ပြန်ရောက်လာလျှင် ထမင်းစားချိန်မှတစ်ပါး နှစ်ယောက် ခပ်တွာတွာပင်နေကြသည်။ သူ့အတွက်တော့ မသိပေ၊ ကျွန်မအဖို့မှာ စက္ကူအစုတ်လေးကစ၍ သိမ်းနေရသော ပုံနှိပ်စက်လုပ်ငန်းတွင် တစ်နေ့လုံးမောလှသည်၊ သူ့ထံသို့ ရောက်လာသောစာများကို ရှင်းလင်းရ၊ ပြန်ကြားသင့်သည်များကို ပြန်ကြားရနှင့် အိမ်ပြန်ရောက်လျှင် ပစ်၍သာ လှဲနေချင်တော့သည်။

ယနေ့ညနေ ထမင်းစားချိန်တွင် ကျွန်မသည် ခဏလှဲနေတို့ အိပ်ရာကိုပြင်နေသည်။ ကျွန်မအင်္ကျီများကို နေရာချရင်း၊ အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို သွားတွေ့သည်။ ထိုစာမှာ



အမေရိကမှ ကိုကိုမောင့်ထံသို့လာသော စာဖြစ်သည်။ သူသည် တခြားစာများကို ဖောက်ဖတ်ခွင့်ပြုပေမယ့် အမေရိက,ကစာများကိုမူ ကျွန်မမဖောက်ရပေ၊ ကျွန်မသည် စာအိတ်ကိုယူ၍ သူရှိရာ ဆင်ဝင်ခန်းသို့ ထွက်လာသည်။ ဆင်ဝင်ခန်းတွင် သူသည် ပက်လက်ကုလားထိုင်နှင့်ထိုင်နေသည်၊ အပြင်တွင် အလင်းရောင်မရှိတော့ပေ။ လရောင်မှုန်မွှားမွှားသာ လင်းနေသည်၊ ဆင်ဝင်ပေါ်မှကြည့်လျှင် ခြံဝင်းသည် လရောင်ခြည်နှင့် လှပငြိမ်သက်၍နေပေသည်။

"ကိုကိုမောင် . . . ကျွန်မလာခဲ့ရမလား . . ."

ကျွန်မသည် တံခါးဝတွင်ရပ်၍ မေးလိုက်သည်၊

"လာလေ . . . . လာပါကွယ် . . . ."

သူ့အနားသို့ ကျွန်မလျှောက်သွားရင်း စိတ်ပျက်သွားသည်။ သူသည် ရေခဲစိမ်ထားသော အရက်ဖန်ခွက်ကို ဖြည်းဖြည်းသောက်နေသည်၊ ကျွန်မသည် ချက်ခြင်းပင် အခန်းထဲမှ ထွက်သွားချင်သည်၊ ကိုကိုမောင် သောက်နေကျဆိုသည်ကို သိပေမယ့် ဘာဖြစ်မှန်းမသိ၊ ကျွန်မသည် နံနံမှမကြည့်ချင်ပေ။ ခက်ချေပြီ. . . ကျွန်မတွင်လည်း သူ့ကို လွှမ်းမိုးပြုပြင်နိုင်အောင် ဩဇာအာဏာနှင့်တကွ အခွင့်အရေးကလဲ မရှိပေ။ သက်ပြင်းချလိုက်ရင်းပင် သူ့လက်ထဲသို့ စာကိုထည့်လိုက်ပါသည်၊

အိမ်ထဲမှထွက်လာသော မီးရောင်အလင်းနှင့် စာအိတ်ကိုကိုင်ရင်း သူသည် ကုလားထိုင်ပေါ်တွင် ပစ်လှဲသွားသည်၊

"ကျွန်မ သွားတော့မယ် . . ."

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ထိုင်စမ်းပါဦး. . . ညီမရယ်. . . ."

ကျွန်မသည် မထိုင်ချင့်ထိုင်ချင်နှင့် ရှေ့ဘက်ရှိကုလားထိုင်တွင် ဝင်၍ထိုင်လိုက်သည်။

စာအိတ်ကို ဖောက်မဖတ်သေးဘဲ ရင်ဘတ်ပေါ်တွင် လက်နှင့်ဖိထား၏။

"ကိုကိုမောင့်ကို မင်းမအံ့ဩဘူးလား မခင်ယု"

ကျွန်မသည် ဘာကိုမျှ မဖြေတတ်ပေ။

"ကိုယ်တော့လေ. . . သိလား. . . ဘာအလုပ်ကိုမှ မလုပ်တော့ဘူး။ ခုလုပ်ရတာတွေကိုလဲ နဲနဲမှစိတ်မဝင်စားတော့ဘူး. . ."

ကျွန်မသိပါသည်၊ သူ့အလုပ်တွင် စိတ်မဝင်စားဘူးဆိုသည်ကို ဖွင့်၍ပြောဖို့မလိုပေ၊ သူ့အသံများသည် တိုးတိုးလေးနှင့်တုန်နေသည်၊ အရက်ခွက်ကို ချလိုက်စဉ်တွင်လည်း လက်များသည်တုန်နေသည်၊ သူ့စိတ်မငြိမ်မျှလှုပ်ရှားနေသည်ကို သူ့ဟန်ပန်များက ဖော်ပြနေလေသည်၊

" **Pearl** (ပုလဲ)ဆိုကဲ့ စာတွေကို ကိုယ်နဲနဲမှမဖတ်ချင်ဘူး သူ့ဆီကစာရတိုင်း၊ ဒေါ်လေး စာဖတ်ရတိုင်းဆိုပါတော့ ရင်ထဲမှာနာနေတာပဲ၊ ဒါပေမယ့် သူ့ဆီကစာမပြန်ရင် အိပ်လို့တောင်မရဘူး။ ကြာကြာသာ ကိုကိုမောင်ဒီလိုနေရရင်တော့ ဘာမှလုပ်လို့ရတော့မှာ မဟုတ်တော့ဘူး သိလား. . ."

သူသည် စကားကိုရပ်၍ မျက်လုံးများကိုစင်းကာ တွေးနေသည်။ ပုလဲဆိုသည်မှာ ဘယ်သူလဲ၊ ပုလဲနှင့်ပတ်သက်၍



ကျွန်မ ဘာမှမသိခဲ့ဘူးပေ၊ ယခုစာသည်လည်း ပုလဲထံကဖြစ်သည်။ ပုလဲနှင့်ပတ်သက်၍ ကျွန်မဖွင့်မေးဖို့ လိုသလား၊ မလိုဘူးလား ဆိုသည်ကို ကျွန်မ မတွေးတတ်ပေ၊

ယခင်ကတည်းက ကျွန်မသိစေလိုလျှင် အမေရိကရှိ ပုလဲထံက ဤကဲ့သို့ ရောက်လာသောစာများကို ကျွန်မအား ဖတ်ခွင့်ပြုမည်ဖြစ်သည်၊ ကျွန်မ မသိစေလို၍ ဖတ်ခွင့်မပြုသော ထိုစာများနှင့်ပတ်သက်သည့် ပုလဲအကြောင်းကိုလည်း ကျွန်မ ထပ်မံ၍မေးရန် မသင့်ပေ။ သူဖွင့်ပြောသနလောက်ပဲ မှတ်ထားလိုက်သည်၊

"ကဲ. . . မခင်ယု သွားချင်သွားတော့. . . ."

သူသည် ကျွန်မကို အနားတွင် မနေစေလိုပြန်ပေ။ လက်ထဲမှသောက်လက်စဖန်ခွက်ကို ပြန်မော့နေပြန်သည်။ ကျွန်မ သည် မတ်တပ်ရပ်ရင်း. . . .

"မေမေကြီးသွားခါနီးတုန်းက ကိုကိုမောင်အရက်တွေ ဘာတွေ မသောက်တော့ဘူးဆို. . . ."

ကျွန်မ,မနေစိတ်သက်သည်ကို ဝမ်းထဲတွင်မြိုသို့ မထားနိုင်ပေ။

"ဟား. . . ဟား. . . မရှေ့ယု၊ ဘုရားအလောင်းမကြီးရယ်၊ ကျွပ်သောက်ပါရစေခင်ဗျာ. . .။ သောက်ပါရစေ၊ ဒါတွေကိုတော့ မယ်တော်ကြီးကို သံတော်ဦးမတင်လိုက်ပါနဲ့"

သူသည် ခွေ့ခွေ့ခြောက်ခြောက်ကြီးရယ်၍ ကျွန်မကို ဖော်ပြောနေသည်၊ ကျွန်မ ကျောထဲတွင်စိမ့်လာသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမောင် ဒီလောက်အလုပ်လုပ်နိုင်တာ အသည်းနှလုံးတွေကို အရက်နဲ့စိမ်ထားလို့လို့ အောက်မေ့စမ်းပါ။ ကဲ. . ကဲ သွားတော့"

ကျွန်မသည် စိတ်ပျက်ပျက်နှင့် သူ့အနားမှထသွားတော့သည်။ တစ်နေ့လုံးပင်ပန်း၍အိပ်မည် ဆိုသော်လည်း ယခုတော့လည်း အိပ်ချင်စိတ်မရှိပေ။ ဝရံတာတွင်ထိုင်ရင်း ကိုကိုမောင့်အကြောင်းကို စဉ်းစားနေမိ၏။ တန်ဘိုးရှိလှသော သူ့လုပ်ငန်းကြီးနှင့် သူနေပုံထိုင်ပုံကို ကျွန်မသည် စိတ်ပျက်လာ၏၊ ပုလဲဆိုသူ့အကြောင်းကိုလည်း တွေးလိုက်မိ၏။ 'အစ်ကို' ဟုခေါ်သော သံယောဇဉ်နှင့် ကိုကိုမောင့်အဖြစ်ကို စိတ်ထဲတွင် သနားသလိုဖြစ်လာသည်။

တစ်အိမ်လုံးငြိမ်သက်၍ မီးများလဲမှိတ်ကုန်ပြီ၊ ကျွန်မ၏ အခန်းတစ်ခုတည်းသာလင်းနေသည်။ ကိုကိုမောင်လည်း အရက်သောက်သောနေရာမှ ထသွားပုံမပေါ်သေးပေ၊ စိတ်ထဲတွင် ကိုကိုမောင်ရှိရာသို့ သွား၍ကြည့်ချင်လာပြန်သည်။

အလယ်ခန်းမကြီးကိုဖြတ်ကျော်၍ ဆင်ဝင်သို့ ကျွန်မလျှောက်လာမိသည်၊ အိမ်ရှေ့ခန်းတွင် မီးတစ်လုံးလင်းနေသည်။ ကျွန်မသည် တံခါးဝတွင်ရပ်၍ သူ့ကိုကြည့်လိုက်သည်၊

ကုလားထိုင်ပေါ်တွင် ခွေခွေလေးလဲနေသည်၊ ပုလဲ၏ဓာတ်ပုံသည်မှာ အရက်ဖန်ခွက်ပေါ်သို့ လျှောကျနေသည်။ အရက်မူးလွန်၍ပဲလား၊ အိပ်ပျော်နေ၍ပဲလား၊ သူသည်ငြိမ်သက်၍နေသည်။ ဆံပင်များသည် နဖူးပေါ်တွင်ဝဲ၍ ပုဆိုးက



လည်းလျော့ရဲနေသည်။

"ကိုကိုမောင်. . . . ကိုကိုမောင်. . . . "

ကျွန်မသည် သူ့ပခုံးကိုကိုင်၍ အသာလေးလှုပ်နှိုးနေသည်၊ သူသည် မျက်လုံးများကိုအသာဖွင့်၍ ခေါင်းကိုထူလိုက်သည်၊ ခေါင်းမှာထူရာမှပြန်ကျသွားပြန်သည်၊

"ဒီအပြင်မှာ လေတွေတိုက်တယ်၊ အေးလာပြီ. . . အိပ်ခန်းထဲသွားရအောင်. . . . "

သူသည် ကိုယ်ကိုအားယူ၍ထလိုက်၏၊ ကျွန်မနှင့် ယှဉ်ရပ်နေပေမယ့် ကျွန်မပခုံးကို တအားမှီ၍ဖက်ထားသည်၊ သူ့ကိုအိပ်ခန်းအရောက်သယ်သွားရသည်မှာ မသက်သာလှပေ။ ဟိုယိမ်းဒီယိမ်းနှင့် ချော်တော့ပြန်လာသည်၊ ပခုံးကိုဖက်ထားသောလက်များကလည်း ဟိုရွှေ့-သည်ရောက်နှင့် ကျွန်မ စိတ်ပျက်လာသည်။ အော်ပစ်လိုက်ချင်သည်။

ကုတင်နားရောက်ခါမှ သူသည်ပခုံးကို လက်လွှတ်၍ လဲကျသွားတော့သည်။ လဲအကျတွင် ဆွဲမိဆွဲရာ ကျွန်မခါးကိုဆွဲလိုက်ရာ ကျွန်မပါရော၍ ကြမ်းပေါ်လဲကျသွားတော့သည်။ စိတ်ပျက်စရာကောင်းလိုက်ပါဘိ။ ပါးစပ်မှ အရက်နံ့ကလည်း ပတ်ဝန်းကျင်လေထဲတွင် လုံးထွေးနေသည်၊

ဝုန်းကနဲ့ကျသွားသော အသံကြောင့် အစေခံဦးကြီး ဦးကျော်ပင်အခန်းဝရောက်လာသည်၊ ကျွန်မသည် ကိုကိုမောင့်အနားတွင်လဲကျနေရာမှထ၍ ဦးကျော်ကိုပါအကူအညီခေါ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကုတင်ပေါ်တွင် သိပ်ပေးခဲ့ပြီး ကျွန်မအခန်းကို ပြန်လာခဲ့ပါသည်။ ထိုည တစ်ညလုံးတွင် အိပ်၍မပျော်ပေ။ ဒီလိုအရက်သမားနှင့် ကြာကြာနေ၍ဖြစ်ပါမည်လား။ ဘယ်လိုပဲ ကင်းအောင်နေပေမယ့် မကင်းနိုင်သောအကြောင်းကြောင်းများကလည်း သူနှင့်ကျွန်မကြားတွင် ဆက်စပ်နေသည်၊

မောင်နှမဆိုပေမယ့် ဖြတ်သီးဆယ်တောင့်စားကာမှ တစ်တောင့်သာစပ်သောအမျိုးဖြစ်သည်။ သွေးဝေးဝေး နီးနီး အရက်ဆိုသည်မှာ မှားတတ်သည့် ကိစ္စမျိုးဖြစ်သည်။ ရင်မှမွေးသည့်ရင်သွေးတစ်ယောက်လုံးကိုပင် အမဲဖျက်၍ချက်စားလောက်အောင် အရက်သည်သွေးဆောင်တတ်သည် မဟုတ်ပါလား။

ယခုလိုအဖြစ်မျိုးတွင် တစ်နေ့နေ့အမဲဖျက်ခံရပါက ကျွန်မသာ ရင်ကျိုးရတော့မည်၊ ကျွန်မသည် မိန်းမထုံးစံအတိုင်း ငိုချင်လာသည်။

အစေခံများ၊ဆိုဖာကြီးများ၊ ပြောင်လက်သောကြမ်းပြင်များနှင့် သာသောင်သာယာရှိလှသောအိမ်ကြီးမှ ညဥ့်တွင်းချင်း ထွက်ပြေးချင်လာတော့သည်၊

လရောင်ဖြည်များယိုဖိတ်၍ ညဥ့်တွင်အစွမ်းကုန်ပွင့်နေသော ပန်းဝတ်လွှာများကိုလည်း စိတ်ကူးမယဥ်ချင်တော့ပေ၊ တိတ်ဆိတ်နေသော ပန်းခြံကြီးကို ပြတင်းမှကြည့်နေရသည်ကိုပင် ကြောက်လာတော့သည်။

ကျွန်မသည် ကုတင်ရှိရာသို့သွား၍ စိတ်ပျက်လက်ပျက်



နှင့်လှဲနေမိတော့သည်။

□

နောက်နေ့တွင် ကျွန်မအလုပ်တိုက်သို့ ထွက်ခွာမည့်အချိန်အထိ ကိုကိုမောင်မနိုးသေးပေ။ တစ်နေ့တာအတွက် စာရွက်စာတမ်းများကို သိမ်းဆည်းပြီး ကားပေါ်သို့တင်လိုက်သည်၊ ညကညဥ့်နက်အောင် နေလိုက်သည်ကတစ်ကြောင်း၊ စိတ်ကလည်း ညစ်လိုက်သည့်အတွက် တစ်မနက်လုံး နုန်းချိချိဖြစ်နေတော့သည်။

မှာစရာများအတွက် ဦးကျော်ကို ရှာရှိုးမည်။ သူသည် ကိုကိုမောင့်စာဖတ်ခန်းရှိ အလုပ်စားပွဲကိုရှင်းနေသည်၊

"ဦးကျော်. . . ကိုကိုမောင်နိုးရင် ကျွန်မကားယူသွားပြီလို့ပြောလိုက်တော့၊ သူတော်တော်နဲ့ နိုးမှာမဟုတ်ဘူး"

ဦးကျော်သည်မျက်မှောင်ကြုတ်၍ ကျွန်မကိုစူးစမ်းသလိုကြည့်နေသည်၊

"အေး. . . ပြောလိုက်မယ်"

ကျွန်မသည် သူကြည့်နေပုံအတွက် သံသယမရှိဘဲ အလုပ်တိုက်သို့ထွက်ခဲ့ပါသည်။ ရှေ့ကိုဆက်၍ စနိုးသွားရမည့်ဇာတ်လမ်းများကို စဥ်းစားရင်းစိတ်မောနေမိ၏၊ အမှန်တော့ 'တက်နေဝန်း' သတင်းစာကြီးမှာ ဟန်သာရှိနေသည်။ မဂ္ဂဇင်းကြီးဖြစ်နေသော ကိုကိုမောင်ကယိုင်နေသည့်နောက် သတင်း

www.burmeseclassic.com

www.burmeseclassic.com



စာ၏နောင်ရေးမှာ စိတ်မအေးစရာဖြစ်လာတော့သည်၊ ပြန်ကြားသင့်သောစာတို့ကို ရေးပြီးနောက် စာတစ်အိတ်ကိုဖောက်ဖတ်လိုက်မိသည်။

စာမှာ ကိုကိုမောင့်ကို အမေရိကမှအမေရိကန်လူမျိုးတစ်ယောက်က တွေ့လိုကြောင်းစာဖြစ်သည်၊ ထိုလူမှာ နယူးယောက်တွင် စာအုပ်ထုတ်ဝေသူဖြစ်သည်။ စာဖတ်နေတုန်းပင် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာပြန်သည်၊ စကားပြောခွက်ကို ကောက်ကိုင်လိုက်သည့်တပြိုင်နက် တဖက်မှ ကိုကိုမောင့်အသံကို ကျွန်မကြားရတော့သည်၊

"ယုလား. . . . ဟေ့. . ."

"ဟုတ်ပါတယ် ကိုကိုမောင်. . . ."

"ကိုယ် မနက်ဖြန်ခရီးထွက်မလို့ ကားယူပြီးပြန်လာခဲ့တော့ အလုပ်တွေလည်း အားလုံး တိုက်အုပ်နဲ့စီစဉ်ခဲ့"

ကျွန်မမှာ ခဏငိုင်သွားမိသည်၊ ချက်ခြင်းလိုလိုပင် လက်ထဲမှစာကိုသတိရ၍. . . .

"ဒီမှာ. . . . ကိုကိုမောင်၊ အမေရိက ကစာအုပ်ထုတ်ဝေတဲ့ မစ္စတာဘောလ်ဆိုတဲ့လူက တွေ့ချင်လို့တဲ့. . . ."

"အေး. . . . ညနေ ၅ နာရီ အိမ်မှာချိန်းခဲ့၊ နက်ဖြန်ကို ယူပါလိုက်ရမှာ မြန်မြန်ပြန်ခဲ့. . ."

တဖက်မှ တယ်လီဖုန်းကိုချလိုက်ပါသည်၊ ကျွန်မသည် အယ်ဒီတာနှင့် တိုက်အုပ်ထံသို့ပြေးရပြန်သည်၊ စီစဉ်သင့်သည်များကို အမြန်စီစဉ်ရပါသည်။ မစ္စတာဘောလ်ကိုလည်းချိန်းခဲ့



၍ အိမ်သို့ပြန်လာခဲ့ပါသည်။

ကိုကိုမောင် ညကအရက်နာကျ၍ ယခုမနက်ခေါင်းခဲနေပုံရလေသည်၊ ထမင်းစားပွဲတွင် လီမွော်ရည်တစ်ဖန်ခွက်ကို မြဲ၍သောက်နေသည်။

"မခင်ယု. . . ကိုယ်တို့ရေလမ်းဘက်ကို ခရီးထွက်မလို့. ."

သူသည်ကျွန်မကို တွေ့တွေ့ခြင်း လှမ်း၍ပြောလိုက်သည်။

"မထွက်ဘဲသာနေရင်တော့ ဖြစ်မှာမဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာကျပ်လာပြီ။ ခေါင်းတွေလည်း ခဲနေတယ်၊ ခရီးထွက်လိုက်ရင်တော့ သက်သာမှာပဲ. . . ."

"ဘယ်ဖက်ကိုသွားမှာလဲ"

"ပုသိမ်ကို. . . ၊ ရေလမ်းဘက်သွားရတာ စိတ်နဲနဲပို အေးတယ်။ ကဲကဲ. . သွား။ ဦးကျော်ပါခေါ်သွားမယ်။ ကြည့်ပြီး ထည့်စရာတွေထည့်ပေတော့. . . ."

ကျွန်မသည် ဦးကျော်ရှိရာသို့ ထွက်လာသည်၊ ဦးကျော်မှာ တစ်အိမ်ထောင်ပြောင်းသလို အိုးခွက်ပန်းကန်ကအစ စုံစုံစေ့စေ့ထည့်နေသည်၊ ပေါင်မုန့်ပြာရေကြော်သီးမှုန့်နှင့် ဆားကမကျန် ထည့်နေသည်။ ပုသိမ်မှာ ထိုပစ္စည်းများရနိုင်ပေမယ့် ဦးကျော်သည် အိမ်မှအပြည့်အစုံယူသွားသည်၊ ဆရာ့စိတ်ကို သိသော လူတစ်ယောက်ဖြစ်ပေသည်။ ခရီးထွက်ရင်းပေမယ့် ရေခဲနှင့်အီလပ်ရည်သောက်ချင်သည်ဆိုလျှင် ချက်ခြင်းရမှဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပေါ်ရည်ပြစ်ပြစ် ထမင်းနှင့်စားချင်သည်ဆိုလျှင်လည်း ချက်ခြင်းရမှ၊ 'ခုဆိုခုမှ' ဆိုသည့်လူမျိုးဖြစ်ပေ၏။ အမြဲကွာ၍ မဖြစ်သော သောက်တော်ရေတစ်သေတ္တာကိုလည်း ဦးကျော်က ယူ သွားရန် ပြင်ထားသည်။

"ဘာတွေများ သူ့ရင်ထဲခေါင်းထဲတွင် ကျပ်နေပါ လိမ့်. . ."

ကျွန်မစိတ်ထဲတွင် စဉ်းစားကြည့်၏။ စဉ်းစား၍မပေါ် ပေ။

အလကားပိုနေသည်ဟုလည်း စိတ်ထဲတွင်ထင်လိုက် မိ၏။ သူ့အိပ်ခန်းသို့ဝင်ကာ အဝတ်အစားများကို သေတ္တာထဲသို့ ထည့်နေစဉ်တွင် ကိုကိုမောင်ရောက်လာသည်။

"ယုံ ဟောဒီဖိုင်တွဲပါ သေတ္တာထဲထည့်ယူခဲ့"

သူလှမ်းပေးသောဖိုင်တွဲမှာ ကျွန်မတစ်ခါမျှမကြည့် ရသောစာတွဲဖြစ်၍ မကြည့်ဘဲ သေတ္တာထဲထည့်လိုက်သည်၊

ကျွန်မအတွက်လည်း အဝတ်အစားများနှင့်စာရေးစက္ကူ နှင့်မင်ကအစထည့်ရင်းနှင့်ပင် တစ်ညနေလုံးအချိန်ကုန်သွား တော့သည်။

ညနေဘက်တွင် မစ္စတာဘောလ်နှင့် ကိုကိုမောင်တို့ ခြံ ထဲတွင်တွေ့ကြသည်၊ သူက အပြင်လူအနားမကပ်စေချင်ပေ။ ခြံထဲတွင် သူတို့နှစ်ယောက်ထဲရှိလေသည်၊

လူများသည် အင်မတန်ရယ်စရာကောင်းသည်၊



တဲပုတ်ထဲရှိ ကိုသာတော်မှာ၊မနက်စာ မနက်၊ ညစာ ည၊ ရှာစားနေရ၍ ခေါင်းရှုပ်ရဲ့သာမက လဲ၍ပဲသေသေ၊ ပုပ်ပင်ပန်း၍ လျှာအလျားသားပင်ထွက်ထွက်၊ သူသည် မရပ်မနားနိုင်ပေ၊ တဲပုတ်ကိုစွန့်၍ ဘယ်ကိုမျှမထွက်သာ၊ ဆီ ချေးထပ်သောခေါင်းအုံးတွင် ခေါင်းကိုမြှုပ်၍ မှိုင်းစွဲသော ခြင်ထောင်ထဲ၌ သံသရာလည်ရပေတော့သည်။

ကိုကိုမောင်တို့တွင်တော့ ယူလိုက်ရသည့်အနား၊ ရှင်း လိုက်ရသည့်ဦးနှောက်၊ ဖြေလိုက်ရသည့်အပန်း၊ ကျွန်မသည် တွေးရင်းရယ်ချင်လာသည်။

လူဆိုသည်မှာ ရှိရင်ရှိသလောက် ပိုချင်ကြချဲ့ချင်ကြ သည့်သတ္တဝါများပါတကား။

၂

ပုသိမ်သို့ထွက်လာသော ခရီးလမ်းတစ်လျှောက်မှာ ယခင်စစ်မဖြစ်ခင်ကလို သာတောင့်သာယာ မရှိလှပေ။ ကျွန်မ တို့မှာ အခန်းငှားစီး၍ တော်ပေသေး၏။ ကုန်းပတ်ပေါ် လိုက်ရသော ခရီးသည်တစ်စုမှာ ငါးပိသိပ်၊ ငါးချဉ်သိပ်သလို ကျပ်ညပ်ပြီး စိတ်ညစ်စရာကောင်းလှသည်၊

ဝါးခယ်မမြို့တွင် တစ်ညအိပ်၍ နောက်နေ့တွင် ပုသိမ် သို့ရောက်ခဲ့ပါသည်။ အမှန်တော့ ပုသိမ်မှာလည်း ယခင်ကလို မသာယာတော့။ မီးဘေးနှင့်ဗုံးဒဏ်တို့မှာ ပုသိမ်မြို့၏အလှအ

www.burmeseclassic.com

www.burmeseclassic.com



ပများကို ဖျက်ဆီးပစ်လိုက်ကြသည်။

သို့သော် ကျွန်မတို့နေရမည့်အိမ်မှာ ကိုကိုမောင့်မိတ်ဆွေ၏ အိမ် လွတ်ဖြစ်နေ့မက ကဲသုံးဆင့်အနီးမှာဖြစ်သည်။ အိမ်ရှေ့ဝရံတာမှ လှမ်း၍ကြည့်လိုက်လျှင် ကန်ရေပြင်မှာစိမ်း၍ညိုနေသည်။ သရက်ပင်ပုပုကလေးများကလည်း ကန်ဘောင်ရိုးတွင် ခပ်ကျဲကျဲစိုင်း၍နေသည်။ လေအေးများသည် ကန်ရေပြင်မှဖြတ်သန်း၍အိမ်ဘက်သို့ဖြည်းညှင်းစွာ တိုက်နေသည်။

ဇိမ်သမားတွေအဖို့ ထိုအိမ်ကလေး၏ပတ်ဝန်းကျင်သည် သာယာခြင်းနှင့်ပြည့်စုံနေလေပြီ။

ကိုကိုမောင်နှင့် ကျွန်မသာ အိမ်ပေါ်အိပ်ခန်းကိုတစ်ယောက်စီယူ၍ ဦးကျော်မှာမူ မီးဖိုနှင့်ဆက်လျက်အောက်ခန်းတွင်အိပ်လေသည်။

အားလုံးမှ အိမ်သားခု-ယောက်ထဲရှိ၍ ဆိတ်ငြိမ်လှသည်။

"ယု. . . ဘယ်လိုလဲ. . . ရန်ကုန်နဲ့စာရင် ဒီကစိတ်အေးချမ်းတယ်. . . ဟိုက သိပ်ဦးနှောက်ခြောက်စရာ ကောင်းတယ်၊ သဘောကျရဲ့လား. . . ."

"ကျပါတယ်. . . . ဘယ်နေရာပဲဖြစ်ဖြစ် သဘောကျတာပါပဲ. . . ."

"ဘာ. . . ."

သူသည် ကျွန်မကိုစိုက်ကြည့်ရင်း မေးလိုက်၏။

"ခြော်. . . ကျွန်မက ဦးနှောက်ခြောက်တဲ့လူမှမ



ဟုတ်ဘဲ ဘယ်နေရာဖြစ်ဖြစ် သာယာတာပဲလို့ပြောတာ. . ."

"အင်း. . . အင်း. . ."

သူသည်ပြုံး၍ ခေါင်းတညိတ်ညိတ်လုပ်ရင်း. . . .

"ယုက ငယ်သေးတာကိုး. . . အေးလေ တစ်သက်လုံးငါ့ညီမ ဦးနှောက်မခြောက်ပါစေနဲ့လို့ ဆုတောင်းပါတယ်. ."

"အမှန်တော့ တစ်ခါတစ်လေဖြစ်တာတွေဟာ ကိုယ့်ပရောဂ ကိုယ်ကပါလို့ပါ။ ကိုယ်ကောင်းအောင်နေရင် ကောင်းမှာပဲ. . ."

ကျွန်မသည် ကျွန်မဝမ်းထဲမှယူဆသည့်အတိုင်း သူ့ကိုပြောလိုက်သည်။

"အေးပေါ့. . . ဘယ်သူမပြု မိမိမှုပေါ့လေ. . ညကျရင်ယုနဲ့ ကိုကိုမောင် စကားပြောရအောင်. . ."

ကျွန်မသည် ရင်ထဲတွင်ထိတ်သွားပြန်သည်။ အရက်သမားနှင့်တွေ့ရသည်မှာ ညဉ့်အချိန်မကောင်းလှပေ။ သို့သော်ဘာမှန်းမသိသေးပေ၊ သူပြောချင်သည့်ဆိုသမျှကို နားထောင်ရမည်က ကျွန်မတွင်ဝတ္တရားရှိလေသည်။

□

ဆင်ဝင်တွင်အမိုးမရှိ ဝရံတာသာရှိ၍ လရောင်သည်ကြမ်းပေါ်တွင် လင်းနေသည်။ အဝေးရှိကန်ရိပ်နှင့် သစ်ပင်ညို

www.burmeseclassic.com

www.burmeseclassic.com



ညို မဲမဲလေးတွေကို မှုန်မှုန်မှိုင်းမှိုင်းမြင်နေရသည်။ လ,ကမြင့်လာသည်နှင့်အမျှ ပတ်ဝန်းကျင်၏မြက်ခင်းမှာ လှပလာသည်။

ကိုကိုမောင့်ကို ကျွန်မတစ်ယောက်ထဲစောင့်နေသည်။ သူ မလာသေးပေ။ စားပွဲဝိုင်းလေးတစ်ခုနှင့် ကုလားထိုင် ၂-လုံးပဲ ဆင်ဝင်တွင်ရှိလေသည်။

၈ နာရီလောက်ကျမှ ကိုကိုမောင်သည် ဖိုင်တွဲတစ်ခုကိုကိုင်၍ ဝင်လာသည်။ သူသည် ကုလားထိုင်ပေါ်သို့ ထိုင်ချရင်း အဝေးကို မျှော်ကြည့်လိုက်ပြန်သည်။

"ယု. . . ဦးကျော်ကို ဘီယာတစ်ပုလင်းလောက် ယူနိုင်းပါလား. . ."

ကျွန်မသည် ဖျပ်ခနဲလန့်သွားသည်။

"ယုနဲ့ ဒီညကြာကြာစကားပြောမယ်ဆိုရင် အရက်မသောက်ဖို့ တောင်းပန်ပါရစေ. . ."

သူသည် ခဏတွေနေပြီးမှ. . .

"အေးလေ. . . နေပါစေတော့. . . ပြောပြီးမှ ကိုယ့်ဘာသာ သောက်တော့မယ်. . ."

လရောင်တွင် ကိုကိုမောင့်မျက်နှာသည် ပို၍လှပနေသည်။ မျက်လုံးများလှုပ်ရှားတိုင်း လရောင်နှင့်တွေ့၍ ကြယ်ပွင့်လိုတောက်နေသည်။ ပါး၌ကျနေသော နှုတ်ခမ်းနှစ်ခုမှာ ရယ်တော့မလို, မဲ့တော့မလိုနှင့် အဓိပ္ပာယ်မထင်ရှားလှပေ။

ယောကျ်ားထဲတွင်တော့ တော်တော်လှပပြေပြစ်သူဖြစ်



သည်။ ညဥ့်လေအေး၏အရှိန်ကြောင့် သူသည်လန်းဆတ်နေပုံရလေသည်။

"ယုကို ကိုကိုမောင်ပြောချင်တာကတော့ ဒီကပြန်သွားရင် အခုအလုပ်တွေထက် ပိုပြီးကြိုးစားစေချင်တယ်။ ကိုကိုမောင် လုပ်သလိုသတင်းစာရဲ့ (Policy) ကိုထိန်းနိုင်အောင်၊ ပြီးတော့လည်း သတင်းစာလုပ်ငန်းကို ကျွမ်းကျင်အောင် အယ်ဒီတာနဲ့ ပိုပြီးလေ့လာစေချင်တယ်. . . ."

ကျွန်မသည် ငြိမ်သက်စွာပင်နားထောင်နေသည်၊ သူပြောပုံမှာ ဘယ်တုန်းကနှင့်မျှမတူ၊ နူးညံ့အေးဆေးလှသည်။ စကားပြောနေတုန်း ဦးကျော်ရောက်လာသည်။ သူသည် ဦးကျော်ကို လှမ်းကြည့်၍. . . .

"ကရင်ဆိုဒါ ၂-ပုလင်း ရေခဲနဲ့ယူခဲ့. . . . ပြီးတော့ ခင်ဗျား အောက်မှာနေ. . . ဒီအပေါ်တက်မလာနဲ့နော်. . . ."

ဦးကျော်သည် ကျွန်မကိုမျက်လုံးကြီးလှန်၍ကြည့်နေပြန်သည်၊ သူပြောသည့်အတိုင်း ဦးကျော်သည် အောက်သို့ဆင်းသွားသည်။ ဘီလပ်ရေပုလင်းများကိုပင် ကမန်းကတန်းလာ၍ချသွားတော့သည်။

ကျွန်မသည် ကုလားထိုင်နောက်မှီကိုမှီရင်း သူ့စကားများကို စဥ်းစားနေသည်၊ သူသည်ဆက်ပြောပြန်သည်၊

"ဒီလုပ်ငန်းကို ယုဆက်ပြီး အုပ်ချုပ်သွားနိုင်အောင်ပေါ့လေ. . ."

"ဘယ်လို. . . ကိုကိုမောင်. . . ယုက အုပ်ချုပ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ့လေ. . . ယု လခတိုးလာအောင်လည်း မေမေ့ကို ကိုကိုမောင် ပြောပေးမှာပေါ့. . ."

"နေပါဦး. . . . ကိုကိုမောင်က. . . ."

"ကိုကိုမောင်က အမြဲဒီလိုနေနိုင်မှာ မဟုတ်ဘူး"

"ဟင်. . ."

"ဟုတ်တယ် ယု. . . . ကိုကိုမောင် အလုပ်မှာစိတ်မပါတော့ဘူး၊ အမှန်တော့ ယုကိုပြောပြရမှာပဲ၊ ပုလဲနဲ့ ကွေကွင်းနေသရွေ့တော့ ကိုကိုမောင်ဟာ သေနေတာပဲ. . . ."

ကျွန်မသည် ဒီ'ပုလဲ' ဟူသော စကားလုံးကိုထပ်၍ ကြားမြင်သည်၊

"ပုလဲကို နယူးယောက်မှာ ကိုကိုမောင်ယူခဲ့တယ်"

"ခြော်. . . ."

ကျွန်မသည် အသာပင်နားထောင်နေ၏၊ ပုလဲဆိုသည်မှာ သူမယားပါလား. . . .၊

"ဒီကိုပြန်လာပြီးရင် သူ့ကိုခေါ်နိုင်မယ်လို့ အောက်မေ့မိတယ်။ မြန်မြန်လည်းခေါ်မယ်လို့ ဂတိပေးခဲ့တယ်။ ဒါပေမယ့် ဒီရောက်တော့ အစစအဆင်မပြေခဲ့ဘူး။ ပုလဲဟာ ဆင်းရဲပေမယ့် အင်မတန်ချစ်စရာကောင်းတဲ့ မိန်းကလေး. . . .၊ သူ့ဆီကို ငွေတစ်သောင်းလောက်ပို့ပြီး ကိုကိုမောင်ခေါ်ချင်တယ်။ ယုသိတဲ့အတိုင်းပဲ ကိုကိုဟာ အလုပ်ကငွေကိုမထိရဘူးမဟုတ်လား၊ လခအနေနဲ့ မေမေပေးတဲ့ တစ်လ ၇၀၀-ဟာလဲအရက်ဖိုးနဲ့ပဲကုန်တာပဲ စိတ်မကောင်းတော့ ထင်တိုင်းပဲလျှောက်



သုံးမိတာပဲ. . . ပြီးတော့. . ."

သူသည်ငြိမ်သက်သွား၍ ဖြည်းညင်းစွာသက်ပြင်းချလိုက်ရင်း. . . .

"ပုလဲဟာ. . ကိုကိုမောင့်ကိုမျှော်နေပြီ. . . . ဒီလောက်ကြာရင်တော့ သူလည်းတွေးနေမှာပဲ၊ သူ့စာတွေဖတ်ရတိုင်းရင်ထဲမှာ ဘယ်နှယ်ဖြစ်မှန်းမသိဘူး. . ."

ကျွန်မသည် သူ့စကားကိုနားထောင်ရင်း မမခင့်မျက်နှာကို ကျွန်မမျက်လုံးထဲတွင် ပေါ်လာသည်၊ ရိုးသော မမခင်မျက်လုံးများသည် ချစ်စဖွယ်ပြုံးနေသည်ဟု ထင်ရသည်၊ ယခုလို စကားပြောချိန်တွင် သူသည် သားတို့၏အမေဖြစ်နေသော မမခင်ကို သတိမှရပါလေစ။

"ပုလဲ ဒီကိုမရောက်မခြင်းတော့ ကိုကိုမောင်အလုပ်လုပ်လို့ ရမှာမဟုတ်ဘူး။ အဝေးကနေ့လည်းက သစ်ရွက်လိုခြောက်သွေ့နေပြီ ခုနေများ. . . သူ့လက်ဖျားလေးတွေကို ကိုင်မှာညှပ်ပြီး အလုပ်လုပ်ရရင် အားလုံးကောင်းမြင်မှာပဲ. ."

ကျွန်မသည် ဟစ်၍ရယ်ပစ်လိုက်ချင်သည်၊ သူကတော့ ဆွေးခန်းကိုဖော်နေပေမယ့် ကျွန်မရင်ထဲမှာတော့ ရယ်ချင်လာသည်၊ သူ့စကားကိုဆက်၍ ပြောပြန်သည်၊

"ဒီတော့. . . . ကိုကိုမောင် နှစ်ခုစဉ်းစားမိတယ်၊ တစ်ခုက ပုလဲကိုဒီခေါ်ဘို့၊ နောက်တစ်ခုက ကိုကိုမောင် ဟိုသွားဖို့ပဲ။ ဟိုရောက်လို့ရှိရင်တော့ အမေရိကန်အမျိုးသားအဖြစ်ပဲ ခံယူပြီးနေတော့မယ်လို့ စိတ်ကူးမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နှလုံးသားများသည် လက်နှင့်ဆုပ်ညှစ်ထားသလို အခံရခက်လာသည်။ သူ့မျက်နှာကို မကြည့်ချင်တော့ဘဲ ထွက်သွားချင်လာသည်။ ဒါပေမယ့် ကျွန်မစိတ်များကို ထိန်းထားရသည်။

"အခု ကိုကိုမောင်. . . . စီစဉ်ထားတဲ့အထဲမှာ ယုရဲ့ အကူအညီလိုတယ်. . . ."

ကျွန်မသည် ဆက်၍နားထောင်နေသည်။

"ယု. . . . ကြိုးစားသ၍တော့ ယုဖို့ပါပဲ၊ ကိုကိုမောင် စာတစ်စောင် ရေးပေးမယ်၊ အဲဒီစာကိုယူပြီး မေမေကြီးဆီကို ယူသွားပါ၊ အမှန်တော့ ဒီစာဟာငွေတောင်းတဲ့စာပါပဲ၊ ပုလဲ အကြောင်းလည်း ကိုကိုမောင်ထည့်ရေးမယ်၊ မေမေ့ဆီက ငွေတစ်သောင်းရရင် ကိုကိုမောင်လည်းကြာကြာမနေပါဘူး၊ မေမေဟာ ဘယ်နည်းနဲ့မှ ဒီလုပ်ငန်းကိုမစွန့်ရက်ပါဘူး။ ဒီတော့ ယုဒီမှာ ပဲစိမ်နေရမှာ၊ ဒီကပြန်ရင် ကိုကိုမောင်လည်း သင်ပေးမယ်၊ အယ်ဒီတာနဲ့တွဲပြီး လေ့လာပေါ့. . . ဟုတ်လား. . . "

ကျွန်မသည် ဘယ်လိုပြန်ပြောရမည်ကို မစဉ်းစားတတ်တော့ပေ။ စိတ်ကျဉ်းကျပ်လွန်း၍ သူစကားရပ်နားချိန်တွင် ဝရံတာဘက်သို့ ထလာမိ၏။ လက်ရန်းကိုကိုင်ရင်း အသက်ပြင်းပြင်းရှူနေမိသည်၊ အဝေးရှိကန်ရေပြင်မှာ လှုပ်ရှား၍လ,ရောင်နှင့်လှနေသည်။

လ,ဝိုင်းမှာ ရေပေါ်တွင်ရှည်ရှည်အစင်းကြီးဖြစ်၍ လေတိုက်လိုက်တိုင်း လရောင်ဖြည်တန်းမှာ ငွေကြေးခွဲနှင့်



နဂါးကြီးကျူးနေသလို တလက်လက်လှုပ်ရှားနေသည်၊

သူသည် ကျွန်မနောက်တွင် လာရပ်ပြန်သည်။

"ဒီကပြန်ရင် အလုပ်သင်ပါဦး. . . . တစ်လလောက် ကြာမှ မော်လမြိုင်ကိုသွားတာပေါ့. . ."

ကျွန်မသည် ဘာမှမပြောချင်ပေ။ သူကယုနှလို လ, ရောင်တွေ ရေပြင်တွေနှင့်လည်း သာယာမည့်သူမဟုတ်ပါ။ သူသည်'ပုလဲ' နှင့်'ပုလင်း' တွင်သာ ပျော်မွေ့သူဖြစ်လေသည်။ သူ့အပေါ်တွင် အထင်ကြီးမှု အားကိုးမှုစိတ်တို့မှာ တဖြည်းဖြည်း အရည်ပျော်ကျလာတော့သည်။

"ကိုကိုမောင်နိုင်းရင်တော့ ယု လုပ်ပေးရမှာပဲပေါ့. . ."

ကျွန်မသည် အလုပ်သမားတစ်ယောက်က အလုပ်ရှင်ကို ပြန်ပြောသလို ပြောလိုက်၏၊ ဒါပေမယ့် သူ့မျက်နှာကို မော်ကြည့်မိလိုက်သောအခါ လ,ရောင်တွင် သနားစရာဖြစ်လာပြန်သည်။ ကျွန်မစိတ်ကို မနိုင်ပေ၊ သူ့ကိုစိတ်ပျက်သည့်စိတ်များ ခဏပျောက်သွား၍ သူ့လိုလားချက်များကို စေတနာရှိစွာနှင့် လုပ်၍ပေးချင်လာပြန်သည်။

လ,ရောင်တွင် ကျွန်မနာရီမှာ ၁၂-နာရီထိုးနေ၍၊ ကျွန်မသည် အိပ်ဖို့သတိရလာသည်၊

"ကဲ. . . . ကိုကိုမောင်. . . ယုအိပ်တော့မယ်. . . . "

"အေး. . . အေး. . . ဦးကျော်လွှတ်လိုက်ဟေ့. . ."

ကျွန်မအောက်သို့ဆင်းသွားသောအခါ ဦးကျော်မှာ မအိပ်သေးပေ၊ သူ့အခန်းထဲတွင် ငုတ်တုတ်ကြီးထိုင်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကျော်ကို. . . ကိုကိုမောင်ခေါ်နေတယ်. . ."

"မင်းတို့က သိပ်ညဥ့်နက်တာပဲ. . . ."

သူသည် ခပ်မာမာပင်ပြော၍ ကျွန်မနောက်မှလိုက်လာသည်။ အိမ်တွင်နိုင်းစေသူဖြစ်ပေမယ့် ဦးကျော်မှာ ကျွန်မတို့၏ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတွင် တစ်ဦးအပါအဝင်ဖြစ်သည့်အတိုင်း သူ့ကိုတော့ ခင်မင်လေးစားကြလေသည်။

ကျွန်မ အိပ်တော့မည်လုပ်တုန်းပင် ဦးကျော်သည် ကျွန်မပတ်ရန် ကိုကိုမောင်ကပေးခိုင်းသည်ဆို၍ ယခင်ကဖိုင်တွဲကို လာပို့ပြန်သည်။

ကျွန်မသည် ကုတင်ပေါ်လှဲလိုက်ရင်း ဖိုင်တွဲကိုဖွင့်လိုက်၏၊ ပထမမျက်နှာတွင် **Letters From Pearl** ဟူ၍စာခေါင်းစဉ် တပ်ထားပေသည်။ ဪ. . . . ပုလဲ၏စာများပေပဲ။

ကျွန်မသည် ကိုကိုမောင်လုပ်နေသော အစီအစဉ်ကို နားမလည်ပေ။ ဒါပေမယ့် ဖတ်ဆိုလျှင်ဖတ်ရပေမည်။

ပုလဲ၏စာများသည် ကိုကိုမောင်မပြောနှင့် ကျွန်မပင် စွဲလာသည်၊ အတော်ပွဲနွဲ့၍ လှပသောစကားလုံးလေး များကို သုံးစွဲတတ်သော မိန်းကလေးဖြစ်လေသည်။

*အချစ်ရေ. . . ဒီတစ်ညတာအဖို့တော့*

*လ,ဝန်းဟာကွယ်ခဲ့ပြန်ပြီ၊ အရှေ့ ဘက်က*

*လ,ဝန်းပေါ်လာရင်ဖြင့် အချစ်တို့တိုင်းပြည်က*

*လာသူမို့ တအားကိုးနဲ့ မျှော်ကြည့်လို့မဆုံးဘူး၊*



*အချစ်ကိုယ်တိုင်ပဲ လ,ဝန်းနဲ့အတူ ပါလာလိမ့်*

*မလားလို့ ထင်ခဲ့မိတယ်၊*

*အနောက်ဘက်တောတန်းမှာ လဝန်းဟာ*

*နီကြန်ကြန်ဖြစ်ပြီး တဖြည်းဖြည်းမြုပ်*

*လာရင်တော့ ပုလဲရင်ထဲမှာ တဖြည်းဖြည်း*

*ဆွေးပြီး အားတွေဟာလျော့သွားတာပဲ၊*

*လ,လဲကွယ်ရော မျှော်လင့်ချက်တွေ ဆုံးသွား*

*သလို. . . . နွမ်း သွားတော့တာ ပဲ. . . .၊*

*အချစ်ရေ. . . ဘယ်တော့ လာမှာလဲကွယ်. . . .၊*

ကျွန်မသည် ပုလဲ၏စာများထဲမှ ထိုစာပိုဒ်ရောက်သောအခါ ငိုချင်လာသည်။ ပုလဲ၏မျှော်လင့်ချက်အတွက် ရင်ထုမနာဖြစ်လာသည်။ ပုလဲမှာ ၁၉-နှစ်သာသာမျှရှိသေးသည်၊ သူသည် သူ၏တစ်သက်တာတွင် တစ်ခါမျှထိုမျှ စိတ်မဆင်းရဲခဲ့ဘူးသည်ကို မော်ပြရာသည်။

ကျွန်မသည် ထိုညဥ့်ကအိပ်မပျော်ခဲ့၊ ကျွန်မ ခေါင်းထဲတွင် ပြဿနာအမျိုးမျိုးပေါ်ခဲ့၏။ ကျွန်မတို့၏ ဗုဒ္ဓဘာသာတရား၏ ဆုံးမမှုကြောင့် ကျွန်မတို့သည် ခွင့်လွှတ်လွယ်၊ ရောင့်ရဲလွယ်သော လူမျိုးတစ်မျိုးဖြစ်သည်ဆိုလျှင် မမှားပေ၊ ယခုလည်း ပုလဲပေါ်တွင်"မိန်းမချင်း" ဆိုသည့်စိတ်က စာနာစိတ်ကိုပို၍ အားပေးထား၏။ ပုလဲကို သနားပါသည်၊ မသနားသည်မဟုတ်။

သို့သော် မိန်းမတစ်ယောက်ကိုချစ်၍ ကိုယ့်တိုင်းပြည်ကို

www.burmeseclassic.com



ပင်ပစ်ခါ အမေရိကန်သားတစ်ဦးအဖြစ်ခံယူမည့် ကိုကိုမောင့်အဖြစ်ကိုလည်း ကျွန်မလက်မခံနိုင်ပေ။ ဤနေရာတွင် မျိုးချစ်စိတ်ဆိုသောအလေးက ကျွန်မကိုမဲတင်းလိုက်ပြန်သည်။ တကယ့်ပညာတတ် ရှားပါး၍တိုင်းပြည်ကို တကယ်အကျိုးပြုနိုင်သောပညာကို သင်ယူလာပါလျက် ကိုယ့်တိုင်းပြည်ကို ဤပညာနှင့်အကျိုးမပြု မိန်းမတစ်ယောက်နှင့် တိုင်းပြည်ကိုလဲပစ်လိုက်သည်။

အချစ်အဘိဓမ္မာဆရာတို့ကမူ ကျွန်မအတွေးအား အင်မတန်ရက်စက်၍ အသည်းနှလုံးမရှိသောသူဟု ဆိုကောင်းဆိုပေမည်၊ ကျွန်မတွင် အသည်းနှလုံးရှိ၍ ပုလဲကို သနားနေခြင်းဖြစ်သည်၊ ကျွန်မတို့သည် တစ်မြေထဲတွင် ပေါက်ဖွား၍မျိုးတူ ဖြစ်သော အင်မတန်ရိုးသားသည့် မမခင်ကိုရော၊ ပုလဲအပေါ် တွင်သနားနည်းမျိုးနှင့် မသနားနိုင်ကြပေပြီလော။

ဤနေရာ၌ အကယ်၍သာ အမေရိကန်သားတစ်ယောက်သို့မဟုတ် အင်္ဂလိပ်တစ်ယောက် မြန်မာပြည်လာ၍အလုပ်လုပ်စဉ်၊ မြန်မာအမျိုးသမီးတစ်ယောက်နှင့် မေတ္တာမျှ၍လက်ထပ်သည့်အဖြစ် ရောက်ခဲ့ဦးတော့၊ သူတို့ပြန်ချိန်တွင်သူတို့သည် ဤမြန်မာအမျိုးသမီးအား သစ္စာရှိစွာခေါ်ယူသွားဖို့တစ်ခါမျှစိတ်မကူးကြပေ၊ ဘဲရိုးဆောရိုးတစ်ပုံကြီးနှင့်ပင်ဗိုလ်ကတော်ကျများအဖြစ် မြန်မာမများတွင် ကျန်ရစ်ကြရသည်။

တစ်ခါက ဆွမ်းမားဆက်မော်န်ရေးသော ဝတ္ထုတစ်ပုဒ်



တွင် မြန်မာအမျိုးသမီးကို အလွန်နှစ်သက်စွာနှင့် အိမ်ထောင်ပြုခဲ့သော အင်္ဂလိပ်အမျိုးသားတစ်ယောက်အကြောင်း ရေးခဲ့၏။ နောက်ဆုံး မြန်မာအမျိုးသမီးကို ထားရစ်ခါ အင်္ဂလန် ကိုပြန်သွားသည်။ "နှင်းမှုံတွေမှိုင်းနေတဲ့ ကျွန်တော့် ဇာတိတောင်ကြားလေးမှာ ကျွန်တော်ခေါင်းချချင်တယ်. . ."

အင်္ဂလိပ်အမျိုးသားက ထိုစကားတစ်လုံးပင်'မော်န်'အားပြောသည်ဟုဆို၏။ သူတို့မတော့ တိုင်းချစ်ပြည်ချစ်စိတ်များကြွယ်ဝကြသည့်ဖြစ်ခြင်း။ နှင်းမှုံသိပ်သော မိမိဌာနေသဘာဝကိုချစ်တတ်သောထိုစိတ်လေးက အင်္ဂလန်ပြည်သားတစ် ဦးချင်းတစ်ဦးချင်းကို စုစည်းလိုက်သောအခါ အင်္ဂလန်သည် တိုင်းပြည်ပင်ငယ်သော်လည်း ကမ္ဘာတွင်ပြည်ကြီးသားပီသစွာ တည်နေနိုင်ခဲ့သည်။

ဤမြေရောင်ဖြင့်လိမ်းကျံသော စပါးနှံပေါ် သည့်မြေသည်အား ကိုယ့်အမျိုးနှင့် ကိုယ့်တိုင်းပြည်ကို အလွယ်တကူစွန့်ပစ်လွယ်သော အမျိုးသားတို့ပေါက်ဖွားရာပါတကား၊ တွေးလိုက်မိသောအခါတွင်မှ ရက်စိတ်နှင့် ဝမ်းနည်းစိတ်ရောပြွမ်းလာသောနာကျင်သည့်ဝေဒနာကို ကျွန်မရင်ထဲတွင် ခံစားလိုက်ရပါသည်။

ကျွန်မသည် ထိုညဉ့်က အိပ်၍မပျော်တော့ပေ။

□

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မှပြန်လာရသောအချိန်ပိုင်းတွင် တော်တော်စိတ်မကောင်းဖြစ်မိလေသည်။

မမခင်ကို ချစ်လည်းချစ်သည်၊ သနားလည်း သနားပေသည်။ မမခင်ကိုရှေ့ထား၍ ပုလဲနှင့်ကိုကိုမောင့်ကိစ္စကို လုပ်ပေးရမည်။ ကျွန်မသည် စိတ်မကောင်းစရာများကို မေ့ပျောက်၍ လခစားဆန်ဆန်ပင် စိတ်ကိုပြောင်းလိုက်သည်။ လခစားဆိုသည်မှာ အထက်လူခိုင်းစေသမျှကို လုပ်ရမည်မဟုတ်လော. . . .။

ယခုတလော ကိုကိုမောင်နှင့် မတွဲနိုင်ဘဲ အယ်ဒီတာနှင့်လုံးနေရပြန်သည်။ အယ်ဒီတာ ကိုအောင်ကျော်မှာ ဘီအေမှုသာအောင်သော်လည်း ကိုယ်တွေ့သတင်းစာလုပ်ငန်းတွင် အတော်ကျွမ်းကျင် ပိုင်နိုင်သူဖြစ်လေသည်။ အမေရိကန်ပြန်ကိုကိုမောင်က သူ့ကိုလွှဲအပ်ထားရသည်။

ခေါင်းကြီးရေးပုံများနှင့် သတင်းရှာပုံ၊ မျက်နှာဖုံးအတွက် နောက်ဆုံးသတင်းများ စုဆောင်းရှာဖွေရသည်ကအစ ကိုအောင်ကျော်က သင်ပြရှာသည်။

ကျွန်မမှာ ငယ်ရွယ်၍စိတ်ဆတ်သူဖြစ်သဖြင့် ရံဖန်ရံခါ ခေါင်းကြီးပိုင်းကို ဂွကျွေ့ရအောင်မထိန်းနိုင်ပေ၊ ဆဲသလိုလို၊ တောင်းဆိုချက်လိုလို ရေးတတ်ပေသည်။

ကိုအောင်ကျော်သည် စိတ်ရှည်လက်ရှည်နှင့် ပြင်ဆင်ပေးလေသည်၊ ကျွန်မကို ခေါင်းကြီးပိုင်းအတွက် စာအုပ်များများဖတ်ခိုင်းသည်။ စိတ်ရှည်၍ သည်းခံစိတ်ရှိရန်အတွက် ဘုရားသခင်၏ တရားစာအုပ်များကို ဖတ်ခိုင်းသည်။ ကမ္ဘာ့နိုင်ငံ



ရေးအခြေအနေများပေါ်တွင် လေ့လာပုံလေ့လာနည်းကိုလည်း သူက သင်ကြားပေးလေသည်။ သတင်းစာဆရာကောင်း ဆိုသည်မှာ လက်ရှိအခြေအနေကိုလေ့လာ၍ ကွက်ကျော်မြင်တတ်ရမည်ဟု သူကပြောလေသည်။

ကြာတော့ကျွန်မသည် ကိုအောင်ကျော်၏တပည့်ဖြစ်လာပြန်သည်။ ကိုကိုမောင်လို အရက်မသောက်တတ်၍ ကိုအောင်ကျော်နှင့် ပို၍ရင်းနှီးလာလေသည်။

သတင်းစာများတွင် ကျွန်မလက်ရာများသည် တစတစ ပေါ်၍ လာခဲ့သည်၊ သတင်းစာပညာဆိုသည်မှာ ရခဲသော ပညာရပ်တစ်ခုဖြစ်သည့်အတိုင်း ကျွန်မလုပ်ငန်းများ အောင်မြင်လာလေလေ၊ လက်ဦးဆရာကြီး ကိုကိုမောင်ကို ကျေးဇူးတင်မဆုံးအောင် ဖြစ်လာလေသည်။

ထိုကျေးဇူးများကိုဆပ်သည့်အနေနှင့်ပင်ဖြစ်ဖြစ်၊ သူစိတ်ချမ်းသာမည့် ပုလဲနှင့်နီးစပ်ရေးကို ဆောင်ရွက်ပေးရပေမည်။

ဒုတိယဆရာ ကိုအောင်ကျော်နှင့်တော့ဆက်၍ တွဲကာ အလုပ်လုပ်သွားရမည်ဖြစ်လေသည်။

ကိုအောင်ကျော်သည် ကျွန်မတို့အမျိုးထဲကမဟုတ်သော်လည်း မမကြီး ရှာ၍သွင်းထားသူပင် ဖြစ်လေသည်။

အမှန်တော့ ပုံနှိပ်စက်တစ်ခုလုံးနှင့် အလုပ်တိုက်မှာ မမကြီး အသက်သွင်း၍ လည်နေရသည်နှင့်တူနေတော့သည်။ နေရာဌာနအလိုက် သင့်တော်သူကိုလည်း မမကြီး

www.burmeseclassic.com



သည် ရှာဖွေတတ်လေသည်။

ယခုလမိုင်းတွင်တော့ ကိုအောင်ကျော်၏ သင်ကြားမှုကြောင့် ကျွန်မသည် ကိုယ့်စာကိုကိုယ် ထိန်းသိမ်းနိုင်လာသည်။ ယခင်ကလောက် အရှမ်းမကြဲတော့ပေ၊

သူ၏ စိတ်ရှည်မှုကိုပင် ကျွန်မကျေးဇူးတင်မိလေသည်။

"မိန်းကလေးက ခေါင်းမာတာ၊ သတ္တိကောင်းတာက တော့ ဟုတ်ပါတယ်၊ သတင်းစာဆရာတစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းပါဘဲ၊ ဒါပေမယ့် အရှမ်းကြဲပြီ၊ နေရာနဲ့မသုံးတတ်ရင် မာမာဆတ်ဆတ်ဖြစ်နေရင် ရွာထဲမှာ အမြဲလှုပ်ရှားလုပ်ပြီး မိုက်ရူးရဲလူ့ရမ်းလို လူမုန်းရှံပဲရှိတယ်၊ ကိုယ့်ကလောင်ကိုပိုင်နိုင်လာ့လေလေ၊ ကလောင်ရဲ့ ဂုဏ်ဖြေကိုလည်း ထိန်းသိမ်းနိုင်လေဖြစ်ရမယ်။ ကိုယ့်စာပေကိုက တဖက်သား လေးစားလောက် ရမယ်. . . ."

ကိုအောင်ကျော်သည် ကျွန်မကိုဆုံးမတိုင်း သူ့လေသံမှာ အေးဆေးလှသည်။ စာပေသမားပီပီ အေးအေးနှင့်တစ်ယောက်ထဲ အနေများလှလေသည်၊ သူ့စာအုပ်များထဲတွင် မြုပ်နေ၍ တစ်ခါတရံ သူ့ကိုရှာမတွေ့နိုင်ပေ၊ အလုပ်နှင့်ပတ်သက်သည်မှလွဲ၍ သူသည် စကားများများမပြောလှ၊

တစ်ခါတစ်ရံ အရုပ်ကြီးနှင့်တူနေတော့သည်၊

"ဦးအောင်ကျော်မှာ အသက်မရှိသလိုကြီးပဲ"

ကျွန်မသည် ဆုံမိသည့်အခါ သူ့ကိုပြောမိသည်၊ အေးစက်စက် မတုန်မလှုပ်နေသည်ကို ကျွန်မအားမရပေ။



ကျွန်မဘာယ်လိုပင်ပြောပြော အစွမ်းကုန်ပြုံးပြသည်မှလွဲ၍တော့ ဘာမျှမချေပတော့ပေ။

၈

ကျွန်မ မော်လမြိုင်သို့သွားရန် အချိန်ကျ၍လာလေသည်၊ ကိုကိုမောင်သည် စာအရှည်ကြီးတစ်စောင် ရေး၍ပေးလိုက်သည်၊ ကျွန်မသွားရမည့်နေ့တွင်ပင် မေမေကြီးထံသို့ ကိုအောင်ကျော်က စာတစ်စောင်ပေးလိုက်သေးသည်။

ရှေ့မျက်နှာနောက်ထား၍ ကြောက်အားနှင့်လာရပါတော့သည်ဆိုသလိုပင် လာရသည်ကို ကြောက်နေသည်။

မော်လမြိုင်တွင် မေမေကြီး၏ သစ်လုပ်ငန်းမှာ အတော်လဲအောင်မြင်၍နေလေသည်။ မငွေခင်မှာ မေမေကြီးနှင့်ပဲ အတူနေလေသည်၊ အိမ်ထဲသို့ရောက်၍ မမခင့်မျက်နှာကိုမြင်လိုက်သည့် တမြိုင်နက်ရင်ထဲတွင် ထိတ်သွားသည်။

မမခင်မှာရန်ကုန်တုန်းကနှင့် မတူပေ၊ အသားအရေများ ဖြူဖတ်ဖြူရော်နှင့် ကောင်းကောင်း ကျန်းမာပုံမပေါ်ပေ။

"ကိုကိုမောင်တစ်ယောက် နေကောင်းတယ်နော်ယ. . ."

သူ့ချစ်လင်သတင်းကို မေးနေစဉ်တွင်သူ့အသံများသည် တုန်၍တိုးလှသည်။

"သူ ဘာဖြစ်လို့လည်းဟင်. . . . စာတစ်စောင်မှလည်း

www.burmeseclassic.com



မပြန်ဘူး. . "

မမခင့် မျက်လုံးထဲမှမျက်ရည်များ ဝဲနေသလို၊ ကျွန်မလည်း၊ မျက်ရည်များ ဝိုင်းလာသည်။ သူ၏ မေးခွန်းကို ကျွန်မ မဖြေနိုင်တော့ပေ။

ကျွန်မကိုယ်တိုင်ပင် ကျွန်မနားမလည်တော့ပေ။ ကျွန်မစိတ်များသည် ပုံပြောင်းပင်ဆန်နေသလား. . . ဘယ်လို ဇာတ်မျိုး ကိုကျနေမိပြီလဲ. . .၊ အမှန်တော့ ကျွန်မသည် လက်ရှိတွေ့နေရသော ကျွန်မအဖြစ်ကို ကျွန်မရဲရဲမတွေးဝံ့ပေ။

ရောက်သည်နေ့တွင်ပင် မေမေကြီးလက်ထဲသို့ ကိုကိုမောင့်စာနှင့် ကိုအောင်ကျော်စာများကို ပေးလိုက်ပါသည်။ ကျွန်မတော့ မေမေ့အခန်းထဲကပင် မထွက်တော့။ ယခုနေအခါ နေရသည်မှာ မေမေ့ရင်ခွင်မှတစ်ပါး နားစရာနေရာမရှိသလို ဖြစ်နေသည်။ ဘယ်သူနှင့်မျှ မျက်နှာချင်းဆိုင်၍ မနေချင်တိုင်း မေမေ့ရင်ခွင်ရိပ်တွင် မျက်နှာအပ်နေရသည်က သာမျှောင့် သာယာရှိပေသေး၏။

"အခုတလော. . . မရွှေယု. . . မေမေ့ကိုသိပ်ကပ်ပါလား. . "

ကျွန်မသည် မေမေ့မေးခွန်းကိုလည်း မဖြေချင်ပြန်ပေ။ မေမေ့ပေါင်ပေါ်တွင် ခေါင်းအုံးရင်း ငြိမ်၍ပင်နေမိ၏။ ပုလဲ၊ မမခင်နှင့် ကိုကိုမောင်တို့ကိစ္စကို မေမေ့အားရှင်းပြရရင် ကောင်းပါမည်လော. . ။

တကယ်တော့ ကျွန်မသည် မေမေ့ကိုဘာမျှမပြောမိဘဲ



သူ့ မျက်နှာကိုစေ့စေ့ကြည့်ရင်း ငေးနေမိတော့သည်၊

မကြာခင် မေမေကြီးရောက်လာသည်။

"ထမင်းစားပြီးရင် မခင်ယု မေမေကြီးအခန်းကို လာဦးနော်. . . ရှောဒါက မရေခဲ့အတွက်စာ. . . "

မေမေကြီးသည် စာတစ်စောင်ကို မေမေ့လက်ထဲသို့ လှမ်းပေးရင်း ကျွန်မတို့ရှေ့တွင်ထိုင်လိုက်သည်၊ သူသည်စကားပြောနေပေမယ့် တစ်စုံတခုစိတ်ထင့်နေသလို ငေးငိုင်ငိုင်ဖြစ်နေသည်။ မေမေကြီး၏ပါးရေများသည် တွဲရရွဲကျ၍ပင်နေလေပြီ။ ငယ်စဉ်က တောက်ပကြည်လင်ခဲ့သော မျက်လုံးထက်ရှိမျက်ခုံးမွေးထဲတွင် အဖြူစများသည်လည်း နိုးရိပ်မျှထင်၍လာခဲ့လေပြီ၊

အမှန်တော့ မေမေကြီးမှာ အိုမင်းလှလေပြီ၊ သူသည် အိုစာခြင်းကိုပင်သတိမရ ဆက်တိုက်ပင် အလုပ်လုပ်နေသေး၏၊ ဗုဒ္ဓဘာသာထုံးစံအရ ယခုအချိန်တွင် လောကုတ္တရာသို့ ချဉ်းကပ်ရတော့မည် မဟုတ်ပါလော၊

မေမေကြီးကိုကြည့်ရင်း ကျွန်မသည် သနားလာပြန်သည်။ သူ့အာဇကို သူသိဟန်တူသည်။ သူရပ်လိုက်လျှင် အားလုံး အရှိန်သေသွားမည်ဖြစ်၏၊ သူ့သားအကြောင်းကိုလည်း သူသိဟန်တူလေသည်၊

"သမီး. . . မမခင်ဆီကို ခဏသွားလိုက်ပါဦး. . . "

ကျွန်မကို အခန်းထဲတွင် မေမေကြီးကမနေစေလိုပေ၊ ကျွန်မသည် အလိုက်သိစွာပင် မမခင်ရှိရာသို့ ထွက်လာခဲ့ရတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မေ်လပြိုင်က မြန်မြန်ပြန်ချင်သည်။ အာကိုမျှ မှင့်လင်းလို့မရ စိတ်ထဲတွင် အမြဲမြုံလာရသည်။ စကားပြောမည်ကြံတိုင်းလည်း မျက်နှာတွေကိုကြည့်နေရသော ထိုလိုအိမ်မျိုးတွင် မနေချင်တော့ပေ။ အချိန်တွေကို မြန်မြန် ကုန်သွားစေချင်သည်။

၅

ညတွင် မေမေကြီးအခန်းထဲသို့ ကျွန်မရောက်သွားပါသည်။ သူသည် မျက်မှန်ကြီးတပ်၍ စာတစ်စောင်ကိုဖတ်နေသည်။ ကျွန်မလာသည်ကို မြင်မြင်ခြင်း စာကိုခေါက်လိုက်ပါသည်။

"လာ. . . လာ. . . သမီး. . ဒီမှာထိုင်. . . သားဆီကစာကိုပြန်ဖတ်ကြည့်ရသေးတယ်. . . ."

ကျွန်မသည် သူ့ရှေ့မှာထိုင်လိုက်သည်။ မေမေကြီးသည် အနည်းငယ် ပြုံး၍နေသည်။ အမှန်တော့ သူ့မျက်နှာတွင် အဓိပ္ပာယ်အများကြီး ပေါ်နေသည်။

ကျွန်မရှေ့တွင် ခေါက်ထဲ့ခေါက်ပြန်လျှောက်ရင်း စကားပြောရန် အားယူနေပုံရလေသည်။

"ပုလဲအကြောင်းနဲ့ပတ်သက်လို့ သမီးကို သူတော်တော်ပြောပြီးပြီပေါ့. . . ."

"ဟုတ်ကဲ့. . . "



"သူနေတာဆိုင်တာ ဘယ်နှယ့်လဲ. . . ."

"အလုပ်မှာတော့ နဲနဲမှစိတ်ဝင်စားပုံမရဘူး မေမေကြီး. . . "

"အင်း ဟုတ်မှာပေါ့. . . သူ ပုလဲကိုသာမရရင် အသည်းနှလုံးတွေခြောက်ကုန်ပြီ သူ့ဘဝဟာ အဓိပ္ပာယ်မရှိ တော့ဘူးလို့ သမီးကို တောပြောပြသေးလား. . . ."

"ဟင်. . . "

ကျွန်မသည် အံ့ဩသွားသည်။ ကိုကိုမောင့်စကားလုံးများကို မေမေကြီးသည် ဘယ်နှယ့်လုပ်၍ အလွတ်ရနေပြီလဲ. . . .

"အို. . . . သမီးက မေမေကြီးကိုအံ့ဩနေလား. . . "

သူသည် အေးဆေးစွာပေါ်တွင်ထိုင်ရင်း. . .

"မေမေကြီးမွေးထုတ်လိုက်ရတဲ့ သားရဲ့အကြောင်းကို အကုန်လုံး မေမေကြီးသိတယ်. . . သူပြောခဲ့တဲ့ စကားလုံးတွေ ပြောဆဲ ပြောလတ္တံ့စကားလုံးတွေကိုလည်း မေမေကြီးကအလွတ်ရနေပြီ. . မင်းရဲ့ ကိုကိုမောင့်အတွက်ကိုတော့မြင့် မေမေကြီး ဘယ်တော့မှ စိတ်ချရမှာ မဟုတ်ဘူး. . . "

သူသည် တစ်နေရာသို့စိုက်ကြည့်ကာ သက်ပြင်းချလိုက်ပြန်သည်။

"အခု ပုလဲကို အရူးအမူးဖြစ်ပြန်ပြီ မေမေ့အဖို့တော့ သူ့ဖြစ်ပုံတွေကို မဆန်းတော့ဘူး. . . . . သူ့ရဲ့ 'ချစ်လှချည်ရဲ့' တွေကိုလည်း အယုံအကြည်မရှိတော့ဘူး. . . "

www.burmeseclassic.com

www.burmeseclassic.com



"သမီးက ငယ်သေးတာလည်းတစ်ကြောင်း၊ သူနဲ့ကအအေနေဝေးတော့ သူ့အကြောင်းတွေကို ဘယ်သိမလဲ၊ မေမေကတော့ ရင်ကမွေးထုတ်တဲ့သားဆိုတော့ သူ့စိတ်ဓာတ်ကို အကုန်သိနေပြီ. . . သူ့အသည်းနှလုံးတွေဟာ ခြောက်သွေ့နေလို့. . . . အရက်နဲ့စိမ်ထားတယ်လို့ကော. . . . ယုကို မပြောဘူးလား . . ."

ခက်ကပြီ. . . မေမေကြီးသည် ဗိဒ္ဓစက္ခုဆရာမပေပဲလား. အမှန်တော့ သူ့သားအပေါ်တွင် သူ့အားလုံးလေ့လာပြီးခဲ့လေသည်။ စိတ်ပျက်လက်ပျက်ဖြစ်နေသလိုပင် ခေါင်းကို ရမ်းရင်း ဆက်ပြောပြန်သည်။

"အဲဒီလိုပဲ၊ ယုတို့လိုမိတ်ဆွေတွေရင်. . . အထူးသဖြင့် မိန်းကလေးမိတ်ဆွေတွေရင် သူကသူ့ရဲ့ဘဝကို အင်မတန်ကြေကွဲဝမ်းနည်းစရာဖြစ်အောင်ပြောပြီး ရှင်းရှင်းတော့အသနားခံတာပေါ့၊ သူ့ကို တစ်ဖက်သားကသနားလာအောင်လည်း ပြောတတ်တယ်၊ ပြီးတော့ သူ့ဖာသာပေချင်တော့ချင်လို့ အရက်ကို သောက်ပေမယ့်လည်း လက်ရှိရင်ဆိုင်နေရတဲ့ ဘဝကိုမခံရပ်နိုင်လွန်းလို့ အရက်နဲ့ဆေးပစ်ရတဲ့ အဖြစ်မျိုးရောက်အောင် သူက ပြောတတ်တယ်၊ အမှန်တော့ကွယ် သူ့ကိုယ်ကိုသူ အင်မတန် ငုံညှာနေတဲ့လူပဲ၊ အင်း. . . ခက်ပါတယ်"

"သားဟာ. . . ပညာမှာလည်းတော်ရှာပါတယ်၊ သူ့အရေးအသား၊ သူ့အစွမ်းနဲ့ စိတ်ပါလက်ပါသာဆိုရင် ခုလုပ်ငန်းဟာ ဘယ်လောက်ကြီးပွားလိုက်မလဲ၊ မေမေကြီး တစ်သက်တာမှာလေ. . . အစစအရာရာ အင်မတန်အဆင်ပြေခဲ့တယ်၊



ပါပေမယ့် သားအတွက်တော့ မကျေမနပ်နဲ့ မေမေဟာသေရမှာပဲ. . . ."

ကျွန်မ ယခင် မေမေကြီးအပေါ် သနားမှုမှာ ယခုတော့ ပို၍ ပြင်းထန်လာသည်။ အိုကြီးအိုမ အဘွားအရွယ်သို့ ကူးခါမှ ပင် သားသံယောဇဉ်ကြောင့် စိတ်ဒုက္ခရောက်နေရသည်။ ဘဝဆိုသည်မှာ တစ်ကွက်တော့ဖြင့်အဆိုးလေးပါလိုက်ရဦးမှ သဘာဝကျမလို ဖြစ်နေတော့သည်။ ကိုကိုမောင့်ဘက်ကို သူသည်ဖြန့်၍ ကြည့်ရင်း. . . .

"သမီးကို ဇာတ်စုံခင်းပြရဦးမယ်. . . ပုလဲအပေါ်မှာ ဖြစ်သလို 'ချစ်လှချည်ရဲ့' တွေဟာ ဒါပါနဲ့ဆို ၄-၅ ခါလောက်ရှိပြီ၊ တစ်ခုတော့ သမီးဂတိပေးစေချင်တယ်ကွယ်. . . . မငွေခင်ရဲ့ အခြေအနေဟာ တော်တော်မကောင်းဘူး၊ အမှန်တော့ မေမေ သိပါတယ်၊ စိတ်ပါပဲ. . . . ဒီတော့ ပုလဲကိုစွန့်ပတ် သက်လို့တော့ဖြင့် မင်း. . . မမခင်ကို စေသမဟာပါနဲ့နော်. . ."

"ပါတော့. . . . စိတ်ချပါ မေမေကြီး. . ."

"အေး. . . မငွေခင်နဲ့ကိစ္စမှာလည်း သူကခုမှ အတူနေရတာ သံကန္တာရလေး. . . ဘဝလေးနဲ့၊ အစတုန်းက တော့ ချစ်လှချည်ရဲ့ပဲပေါ့. . .။ ဒီလို သမီး. . . ကိုကိုမောင်ရဲ့ ရာဇဝင်ဇ,ရရင်. . ပေါင်ဆရာတွေအဟောဆို. . . . သောကြာဂြိုလ်ပျက်တယ်ခေါ်ရမလား. . ကောင်းတယ်ပဲခေါ်မလား မသိဘူး ကျောင်းနေကတည်းက အင်မတန်မိန်းကလေးမှုတယ်၊ ခေတ်စကားဆို စွံတယ်ပေါ့ကွယ်. .။ ပထမဆုံးတော

www.burmeseclassic.com

www.burmeseclassic.com



လိပ်ကျောင်းမှာ မိန်းကလေးတစ်ယောက်တွေ့တုန်းက လည်းအ ခုလိုပေါ့. . . မေ့မေ့မှသားက ခက်သားဘဲ. . . ချစ်မိပြီပေါ့ဆို ရင်. . . မရမက အရူးအမူးက တယ်ဖြစ်တာကိုး. . .။ အဲဒါမျိုး ဟာ တစ်သက်မှာတစ်ခါဆိုရင်တော့ ကောင်းချင်ကောင်းလိမ့် မယ်၊ သူ့ဟာကတော့ အဲဒီလိုအရူးအမူးတွေ ခဏခဏပဲ မေမေကတော့ သားတစ်ယောက်အမေကိုး. . . သားကို ပထမဆုံးလိုက်လျောပြီး မေးစားမယ်လုပ်တုန်းပဲ စာမေးပွဲ တောင် ကျောင်းတွေဘာတွေလည်းပိတ်ရော မိန်းကလေးနဲ့ ပေး သွားပြန်ရော. . . မေမေတော့ဖြင့် ရွံ့ရွံ့လန်းလန်းဖြစ်နေ ပြီတောင် အောက်မေ့တယ်။ သူကမကြာပါဘူး မိန်းကလေးကို မေ့လိုက်တာပါဘဲ၊ အဲဒီတုန်းကများ ‘ချစ်လှချည်ရဲ့’ မေမေရဲ့. . . ဆိုပြီး မေမေကြီးရင်ခွင်ထဲမှာတောင် သုန်မှိုက်ပြီးငိုခဲ့သေး တယ်၊ သိရဲ့လား. . .။

“နောက် ကျောင်းထွက်ပြီး ပညာဝန်ထမ်းလုပ်သေ တယ်၊ အဲဒီတော့ စစ်ကိုင်းကိုသူပြောင်းသွားရတယ်။ မေမေကြီ ကတော့ သူ့ဆီကိုမလိုက်နိုင်ပေမယ့် ခုလိုပေါ့ အဆက်မပြတ်ခဲ့ ပါဘူး။ ဒီတုန်းက သတိရသေးတယ်၊ ဆရာမလေး ခင်ထားထား ဆိုတာ၊ စစ်ကိုင်းမှာတော့ လူသိလည်းများရှာတယ်၊ ရုပ်ရေ ကလည်း တော်တော်ပဲချောတယ်၊ ရိုးရိုးသားသားနဲ့ မျိုးကောင်း ဆွေကောင်း ထဲကပါဘဲ၊ ဒီတုန်းက မေမေ မျက်ရည်ကျမိတယ် မေမေကြီးဟာ ဘာမှမသိဘူး၊ ဟိုမှာ ၂-နှစ်လောက်ကြာတယ် စစ်ကိုင်းက အမြန်လာပါဆိုတဲ့ သံကြိုးရောက်လာတာန



လိုက်သွားရတယ်၊ ဟိုကျတော့ သူ့ကိုလည်းမတွေ့ရဘူး၊ မောင်ကျော့ပဲရှိတယ်၊ မောင်ကျော့လက်ထဲ စာတစ်စောင်တွေ့ ရတာဘဲ၊ စာထဲမှာတော့ ခင်ထားထားကို မေမေကြည့် လုပ်ဖို့ပေါ့လေ. . .၊ သူတော့ အလုပ်ကထွက်စာတင်ပြီး မြို့ ဖက်ထွက်သွားသတဲ့။ မောင်ကျော့ဆီ စုံစမ်းကြည့်တော့မှ ဒီ ခင်ထားထားကို ချစ်လှချည်ရဲ့ဆိုပြီး ဖျပ်ဖျပ်လူးဖြစ်တာပဲတဲ့၊ ဒီလိုဖြစ်ရာက တမြေးမြေးရင်းနှီးပြီး တိတ်တိတ်ပုန်းညားတယ် ဆိုကြပါစို့. . . .၊ ခုတော့သူက ထွက်သွားတယ်၊ မေမေကြီးဖြင့် အသားတွေတဆတ်ဆတ်တုန်နေတာပဲ၊ သားဆိုတဲ့အဖြစ်ကို တောင် မေ့သွားမိတယ်၊ ဒါပေမယ့် မေမေ့မှာဝတ္တရားအတိုင်း မိန်းကလေးကို လိုက်ရှာရတယ်၊ ခင်ထားထားဟာလဲ ကိုယ်ဝန်ကြီးနဲ့တွေ့တော့ ငိုလိုက်တာ၊ သူ့ကို မလိုချင်လို့[illegible] ပြေးတဲ့နောက် သူစိတ်တင်းလိုက်ပါပြီတဲ့ ကွယ်. . . ကိုယ် ဝန်ကြီးနဲ့ဘဲနေတာဘဲ၊ မေမေ့မှာ တစ်သက်လုံး ဒီတစ်ခါ အရှက်ဆုံးဘဲ၊ သူ့အတွက် ငွေရေးကြေးရေး အပြည့်အစုံ မေမေထောက်ပံ့ခဲ့တယ်၊ မီးဖွားတော့လဲ အစစစီမံခဲ့ရတယ်၊ ကလေးကတော့ဖြင့် အဖတ်မတင်ရှာဘူး၊ ကဲ ဘယ်လောက် ဆိုးလိုက်လဲ၊ စစ်ကိုင်းတစ်မြို့လုံးက သူ့ဆိုရင် အစိမ်းလိုက် ဝါးတောင်ပစ်ချင်ကြတယ်. . . .”

မေမေကြီး၏ မျက်လုံးထဲတွင် မျက်ရည်များဝိုင်းလာ တော့သည်။

“ဘယ်လိုဥာဥ်လဲလို့ မပြောတတ်ဘူး၊ သားမှာဒီလေး

www.burmeseclassic.com

www.burmeseclassic.com



သာ မချွတ်ယွင်းခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ. . . . "

သူသည် သားအတွက်မချင့်မရဲဖြစ်နေပုံရလေသည်၊

"နောက်တော့ အရက်ဖက်လာတယ်၊ မငွေခင်နဲ့ လက်မထပ်ခင်ပေါ့၊ သူစာတွေရေးရင်း၊ သားရဲ့ စာပေလက်ရာကလဲ တော်တော်ပြောင်တယ် မဟုတ်လား။ ယုရေ. . . အမှန်တော့ မေမေ့သားဟာ မခေပါဘူး၊ သူရေးပုံသားပုံတွေကို မေမေ့သားမို့လို့ ပြောတာမဟုတ်ဘူး. . . တော်တော်, တော်ပါတယ်၊ ယုလည်း ဖတ်ဘူးသားပဲ. . . သားဟာ ဘာမဆို စေ့စေ့စပ်စပ် နဲ့ ဖွဲ့နဲ့တတ်တယ်၊ သရုပ်ဖော်တဲ့နေရာမှာ စကားလုံးကြွယ် ကြွယ်နဲ့ ဖတ်တဲ့လူမငြီးငွေ့အောင် ရေးနိုင်တယ်၊ ဒီလိုစာရေးရာက စာရေးဆရာများနာမည်ကြီးတော့ ဖိုးစိန်လိုပေါ့. . ၊ ဖိုးစိန် သောက်ဖို့ဆေးလိပ်ထဲ ရွှေဒင်္ဂါးတွေဘာတွေ ထည့်ပေးလိုက်တဲ့ မင်းကတော်တွေတောင် ရှိတာပဲဟာ . . . သားကိုလည်း မိန်းကလေးတွေဆီက ချီးကျူးတဲ့စာတွေလာရင်း၊ တင်တင်ဆိုတဲ့ မိန်းကလေးနဲ့ဖြစ်လိုက်သေးတယ်၊ သူတို့ဟာ ချိန်းတွေ့တဲ့အထိ ဖြစ်ကြတော့ မေမေကယူဖို့တိုက်တွန်းပါတယ်၊ ဒါပေမယ့် မယူဖြစ်ခဲ့ဘူး၊ အဲဒီတုန်းကလဲ ညများဆိုမအိပ်ဘူး၊ တင်တင့်ဆီရေးတဲ့စာဟာ ဝတ္ထုရေးသလိုဘဲ သူ့ရဲ့ "ချစ်လှချည်ရဲ့" ကိုဖွဲ့နွဲ့ရတာတွေပေါ့လေ. . "

မေမေသည် အရုပ်ဆိုးလောက်အောင်ပင် မဲ့ရွဲ့လိုက်ပြန်သည်။ သူ့စိတ်ထဲတွင် နာကျည်းနေပုံလဲရနေသည်။

မေမေကြီးသည် ဆိုဖာပေါ်တွင် အသာမှီ၍နေလိုက်ပြန်

BURMESE CLASSIC .com



သည်။ စကားဆက်မပြောဘဲ ငြိမ်နေသည်။ ဘာကြောင့် ကျွန်မ အလုပ်မဝင်ခင်က သူ့သားအကြောင်းများကို မပြောပါလိမ့်၊

သူ့သားစိတ်နှင့် ပတ်သက်၍တော့ မကျေနပ်ဖြစ်နေသည်မှာ အမှန်ပဲဖြစ်သည်၊

"မင်းရဲ့. . . . မမခင်လည်း. . . . ဒုက္ခပဲ. . . "

မေမေကြီးသည် တိတ်ဆိတ်နေရာမှ စကားစလာပြန်သည်၊

"မမခင်ကို ဘယ်သူကပေးစားတာလဲ. . . . "

"မေမေကြီးက ပေးစားတာဆိုပါတော့. . . ဒါပေမယ့် အတင်းပေးစားတာ မဟုတ်ပါဘူး၊ မေမေကြီးဟာ ဘယ်တော့မှ သားဆန္ဒကို မလွန်ဆန်ခဲ့ပါဘူး၊ အမှန်တော့ သူ့မှာအိမ်ထောင်ပြုဘို့ အချိန်ရောက်လာပြီ မဟုတ်လား. . . ဒီတော့ တစ်ယောက်ယောက်နဲ့ အတည်တကျယူလိုက်ရင် သားဟာ အရှိန်သတ်မလားလို့၊ အင်း. . . ယုစကတော့လည်း သူ့ဆိုနေကျ သီချင်းအတိုင်း ချစ်လှချည်ရဲ့ပေါ့. . . "

"ဒါဖြင့်. . . မမခင်နဲ့က နောက်မှမသင့်မတင့်ဖြစ်လာတာပေါ့. . . . "

"အင်းပေါ့လေ. . . ခက်သားကလား. . . အိမ်ထောင်ရေးမှာ သူတို့ယောကျ်ားတွေဟာ သိပ်သတ္တိနဲ့တာဘဲ. . . "

မေမေကြီးစိတ်ဓာတ်သည် တစ်ခါကတော့ သူ့သားဝိဉာဉ်နှင့်တစ်ပေါင်းတည်းလိုပင် ကျွန်မထင်ခဲ့သမျှ မှားခဲ့သည်၊ အမှန်တော့ ငန်းဥကိုဝပ်ပေးလိုက်ရသော ကြက်မကြီးလို

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပါက်လာသောအချိန်မှစ၍ သူနှင့်အသွင်မတူခဲ့ပေ။

"သူ့ကို မေမေဟာ ကြိုးတုပ်ပေးစားတာလဲ မဟုတ်ပါဘူး။ သူ့ဘာသာ ကြည့်ရှုပြီးမှယူတာပဲ၊ အစကမကြိုက်ရင် မယူခင်ကပြောပါလား။ ယူပြီးတော့မှ ဘာဖြစ်သလေး. . . ညာဖြစ်သလေးနဲ့ အမှန်တော့ သူတို့ဟာတွေ့တွေ့ခြင်း မိန်းမတစ်ယောက်ကို မငြင်းချင်ဘူး၊ ပြီးတော့ သူတို့စိတ်ဒုက္ခရောက်မှ မင်းသားလို အလွမ်းသယ်ချင်ကြတယ်. . . ."

မေမေကြီးသည် ဒီနေရာတွင် မငွေခင်ကိုလည်း အမွှမ်းတင်၍မပြောပေ။

"အိမ်ထောင်ရေးမှာတော့ လူကောင်းကိုချည်း ရှာမနေနဲ့ ကိုယ်ကိုယ်တိုင် ကောင်းဖို့လိုတယ်ဆိုလိုတာလိုပဲပေါ့. . . ."

"မမခင်လည်း အေးပုံရပါတယ်. . ."

"အေးလေ. . . တောသူ ရိုးရိုးအေးအေးကိုး. . . သူ့ကို ညာပြီးပေးစားကြတာမှ မဟုတ်ဘဲ၊ ဒါပေမယ့် သူကသာ မငွေခင်ကို အပြစ်ပြောနေတာကိုး. . . 'မသစ္စာ' ကဖြင့် သူ့လင်အကြောင်း မေမေ့ကိုမဟာပါဘူး၊ ဒါပေမယ့် မေမေအကုန်သိတယ်၊ အရက်မူးလာရင် ငွေခင်ကိုရိုက်တာ သေမတတ်ခံရတာပဲ၊ သူဘယ်လိုပဲပေပေ အင်မတန်သည်းခံရှာတယ်၊ အရက်ခွက်တောင် ငှဲ့ပေးရှာတာဘဲ၊ အိုလေ. . . အလကားပါ ယူရယ်. . . ၂-နှစ်လောက်တုန်းကတော့ သီချင်းဟောင်းကိုဆိုပြီး မူးသေးတာပဲ၊ နောက်တော့ သူ့ထုံးစံအတိုင်းဖောက်လာတာပေါ့၊ အခုအချိန်မှာ ငွေခင်တို့ဟာမွဲနေတယ်၊ အရင်လယ်ကတွေ များပေ



မယ့် ခုစပါးတစ်စေ့မှမရှိဘူး၊ ဒါတောင် သူဘယ်လို မြှန်း မြှန်းတစ်ခွန်းမပြောခဲ့ဘူး၊ ခုတော့ သူကငွေခင်ကို ငြီးငွေ့လာပြီမဟုတ်လား၊ ငွေခင့်နေရာကနေတွေးစမ်း၊ ဘယ်လောက် အသည်းနာစရာ ကောင်းသလဲ၊ ပြီးတော့ သူ့မှာသားသမီးတွေနဲ့သမီးလေးနှစ်ယောက်၊ သားလေးတစ်ယောက်၊ သူကဒါတွေကိုပါ မေ့ပစ်နေပြီလေ. . . .၊ ဒီတော့ မေမေကြီးက မြေးတွေတာဝန်ရော ငွေခင့်တာဝန်ပါယူလိုက်တာပေါ့၊ ပထမတော့ ငွေခင်လည်း သူ့ယောကျ်ားအနားမှာ အတူနေဘို့ကြိုးစားရှာပါသေးတယ်၊ ခဲယဉ်းသားပဲ၊ သားက အကပ်မခံချင်တော့ ဘူး. . . ."

မှန်သည် ကျွန်မ ကိုကိုမောင်နှင့် နေခဲ့သည့်တစ်ချိန်လုံး ကိုကိုမောင်သည် မမခင့်အကြောင်းကို လူတစ်ယောက်အနေနှင့်ရော ဇနီးတစ်ယောက်အနေနှင့်ရော လေသံမျှမဟခဲ့ပေ။ မေမေကြီးသည် ချွေးမအပေါ်ကြင်နာပေ၍သာ မမခင်အသက်ရှသာပေသည်။ သူ့သားအကြောင်းကို ဆက်၍ပြောပြန်သည်။

"အခုလဲ မေမေကြီးလုပ်ပုံကို တစ်မျိုးကကြီးကျယ်တယ်လို့ထင်မယ်၊ ဗမာပြည်မှာရှိတဲ့ ပုံနှိပ်စက်လုပ်ငန်း၊ မြန်မာ့ချိရေးလုပ်ငန်းတွေနဲ့ သတင်းစာအလုပ်တွေမှာ Private -Secretary ခန့်ရလောက်အောင် ကြီးကြီးကျယ်ကျယ် မရှိသေးဘူး။ အမေရိကန်မြန်တွေ ရှိကြသားဘဲ၊ ဒီလိုပဲလုပ်ကြတာပဲ။ ဒါပေမယ့် မေမေကြီးက သားအတွက် တမင်စီစဉ်ပေးရတာ။ မေမေ့သားဟာ အင်မတန်'ရေ'ဆန်တယ်၊ ပင်ကိုယ်ကတော့ တော်တော်ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းဘဲ၊ ဒါပေမယ့် ဘာ

burmeseclassic.com

www.burmeseclassic.com



အရောင်ဆိုးဆိုး၊ ဘာအနံ့ထည့်ထည့်၊ ပြောင်းလဲ လွယ်တယ်၊ ပြီးတော့ ထည့်တဲ့ခွက်ပုံသဏ္ဌာန်အတိုင်းလိုက်ပြီး ဖြစ်တယ်။ ခုလဲ မမကြီးမစီမံရင် ဟိုကသတင်းစာတိုက်ပိုင်ရှင်တွေ အတိုင်း သူကအတွင်းရေးမှူးခန့်မှာ သေချာတယ်၊ ခန့်ရင် မိန်းကလေးပဲ ခန့်မှာပဲ. . . "

"ကဲ. . . ဒီတော့ ယုရေ. . . စဉ်းစားကြည့်. . . အရင့် အရင်အတိုင်း ဒီမိန်းကလေးနဲ့ရှုပ်ဖို့က မသေချာဘူးလား. . "

မမကြီးသည် သူ့သားအပေါ်တွင် ခြေတစ်လှမ်းစာ ပို၍မြင်နေပေသည်။

"အေး. . . ဒါကြောင့် ကစင့်ကလျဲ မဖြစ်ရအောင် မောင် နှမတော်တဲ့ ယုကို မမကြီးက တမင်ရွေးရတာ၊ ပြီးတော့ ငွေရေး ကြေးရေးနဲ့ပတ်သက်လို့ တမင်ဘာပစ္စည်းမှ သူ့နာမည် နဲ့ မမမထားတာ. . . မမကြီး သေရင်တော့ သူရမှာဘဲ။ ကိုယ့်စိတ်ကို အင်မတန်အလိုလိုက်တဲ့လူ့ရဲ့လက်ထဲ ငွေအပ်ရင် ဒုက္ခရောက်မှာပေါ့. . . ဒါကြောင့် ခု လခသဘောအပြင် ဘာမှ သူ့ကိုမပေးတာဘဲ. . . "

"ဒါဖြင့်ရင် အခုကျွန်မဘာလုပ်ရမှာလဲ မမကြီး. . . "

မမကြီးသည် စဉ်းစားသလို လုပ်နေရာမှ. . .

"ယု. . . ပြန်သွားရမယ်၊ မမကြီး ပြောလိုက်တာတွေ ကိုဘာမှ မသိသလိုဘဲနေပေါ့။ သူ့အတွက် စာတစ်စောင်ရေး ပေးလိုက်မယ်၊ သူ့ကိုပေးလိုက် ဟုတ်လား၊ ကဲ. . . ကဲ. . ဒါပဲ မင်းသွားနိုင်ပြီ. . . "



မမကြီး အခန်းထဲမှ ကျွန်မထွက်လာခဲ့ပါသည်။

ကျွန်မအခန်းသို့ ပြန်မသွားတော့ပဲ အိမ်ပြင်မြဲထဲသို့ ထွက်လာခဲ့ပါသည်။ ညဦးအမှောင်ထဲတွင် ထိုင်နေရသည်ကို စိတ်အေးချမ်းသလို ဖြစ်မိတော့၏။ အလုပ်,လုပ်စားကြရသည့် အတူတူတွင် ကျွန်မအလုပ်မှာ ဘာဖြစ်လို့များယခုလို ရှုပ်ထွေး ရှုပ်ထွေးပြဿနာတွေနှင့် တွေ့နေရပါလိမ့်၊ ရေအိုးအောက်နေ သည့် ကန္တာတ်ခွေလို အေးအေးနှင့်တမြေ့မြေ့နေ့ရတော့မည်။

"လေနှင့်ရောတိမ်ကြောကို ပြန်ပါလေကွယ်. . ပန်းရည် ငှက်ကယ်. . . "

မမခင်၏ ကလေးချော့သီချင်းသံမှာ ထောင်အက်ခန်း ဆီမှ ခပ်အုပ်အုပ်ထွက်လာပြန်သည်။ ညဦးသည် တိတ်ဆိတ် နေ၍ သူ့သီချင်းသံမှာ ပျံ့လွင့်လာခြင်းဖြစ်သည်။

နှလုံးသားတွင်တော့ ကြည်လင်ရှာလိမ့်မည်မဟုတ်၊ သို့ သော် မိခင်ဆိုသည်မှာ မကြည်သည့်နှလုံးကို အသာဖုံး၍ သား အတွက် သီချင်းကိုကျူးရင့်ရပေမည်၊ တေးနှင့်လည်းချော့ရရှာ ပေမည်။ သားကတော့ သိလိမ့်မည်မဟုတ်၊ တေးသံကြောင့် ရယ်ချင်လည်း ရယ်နေပေလိမ့်မည်၊ တေး၏အဆုံ့တွင် မိန်း မော၍ အမေ့ရင်ခွင်တွင် အိပ်ချင်လည်း အိပ်နေပေလိမ့် မည်။ သားအိပ်မောကျနေပြန်ရင်လည်း သားမျက်နှာမှာ ကိုကိုမောင့် ရုပ်နှင့်တူလှသဖြင့် သားကိုကြည့်ရင်း မမခင့်မျက်လုံးတွင် မျက် ရည်များကလည်း စို့လာဦးမည်။

"အင်း. . . "

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စရာကောင်းလိုက်သည့်အဖြစ်၊ ကျွန်မသည် အသက်အဝရှူ၍ ထလျှောက်မိသည်၊

"သမီး. . ."

မေမေသည် နောက်တွင်ရောက်လာသည်၊

"ဘယ်တော့ ပြန်ရမှာလဲ. . ."

"နက်ဖြန်ပဲ ပြန်တော့မယ်မေမေ. . ."

မေမေသည် မြက်ခင်းပေါ်တွင် ထိုင်ချလိုက်ပြန်သည်၊

"ဒီမှာ ခဏလာထိုင်ဦး. . ."

မေမေ့အနားတွင်ထိုင်ရပေမယ့် စိတ်မှာယခင်လို မကြည်လင်လှပေ၊

"၃-၄ ရက် နေပါဦးလား. . ."

"သမီး. . . ဒီအိမ်မှာကြာကြာမနေချင်ဘူး၊ ရန်ကုန်မှာလည်း မနေချင်ဘူး၊ အလုပ်လုပ်ရတာ သိပ်စိတ်ရှုပ်စရာကောင်းတာပဲ. . ."

မေမေသည် အံ့ဩသလိုကြည့်နေသည်၊

"မိန်းကလေးမှာ ဘာတွေများ စိတ်ညစ်စရာတွေ့နေလို့လဲ. . . ."

ကျွန်မမှားသွားပြန်သည်။ အမှန်တော့ မိဘကိုလုပ်ကျွေးရသည့် ဒီလောက်အချိန်ပိုင်းလေးတွင် အလုပ်လုပ်ရသည်ကို စိတ်ရှုပ်စရာဖြစ်အောင် မေမေ့ကို ပြောဖို့မသင့်ပေ၊

"ဘာမှမဖြစ်ပါဘူး. . ."

"ရှုံလိုက်တဲ့ ကလေးမရယ်. . ."



"အမှန်တော့ သမီးမရှုံးဘူးမေမေရေ" ဟု၍ပင်အော်၍ ပြောလိုက်ချင်သည်၊ မေမေသည် သူ့ဘာသာတွေးရာမှ. . ၊

"မောင်အောင်ကျော့်ဆီက စာလာတယ်. . ."

ကိုအောင်ကျော့်ဆီမှ စာလာခြင်းမှာ ကျွန်မနှင့် ဘယ်လို များပတ်သက်ပါသနည်း၊

"သူက သမီးကိုလိုချင်တယ်ဆိုပါလား. . ."

"ဘာ. . . ဘာပြောတယ်. . . ."

ကျွန်မသည် အလန့်တကြားဖြစ်သွားသည်၊

"သမီး. . ဘာမှမသိဘူးလား. . . သူ့စာထဲမှာတော့ လူကြီးတွေကိုပဲ ခွင့်တောင်းတယ်၊ ဖြစ်နိုင်ရင် စေ့စပ်ပေးပါ တဲ့. ."

"အောင်မယ်. . . သစ်တုံးက လှုပ်သကိုး. . ."

မေမေသည် ကျွန်မစကားကိုနားလည်ချင်မှ လည်လိမ့်မည်၊ စိတ်ထဲတွင်တော့ ကြားရသောသတင်းအတွက် သာ၍ စိတ်ပျက်လာသည်။ ယခုလို သူများ၏အဆင်မပြေသော အိမ်ထောင်ရေး၏ကြားထဲတွင် ကျွန်မမှာ ကစဉ့်ကရဲပြေးနေရချိန်တွင်မှ ကျွန်မအိမ်ထောင်ရေးအတွက် ပြဿနာပေါ်လာခြင်းမှာ နိမိတ်မကောင်းသလို စိတ်ထင့်မိ၏၊

ဘာလိုလိုနှင့် လင်ယူဖို့ကိုစဉ်းစားရမည့်အချိန်ရောက်လာပါပကော. . . ။

ကိုအောင်ကျော်မှာ ပညာရှိသည်၊ လုပ်ရည်ကိုင်ရည်ရှိသည်၊ ရုပ်ချောသည်၊ အေးဆေးသည်၊ ရိုးသည်၊ ဒါတွေမှာ ကိုအောင်ကျော်ကို တွေးရင်းပေါ်လာမည့် အချက်များဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တွေးရမှာလား. . . မတွေးရဘူးလား. . .။

"အား. . . မေမေ. . ."

"ဘာလဲ. . . သမီး. . ."

ကျွန်မသည် ဘာပြောရမှန်းမသိသလို ယောင်ချာချာဖြစ်နေသည်။

"ဟိုနေ့က မေမေကြီးကတော့ပေးစားဖို့ပြောတယ်၊ သူက မေမေကြီးရဲ့ ခေတ်သိပဲ မဟုတ်လား၊ မေမေကလည်း သဘောကျပါတယ်. . ."

"ကြောက်စရာတော့ ကောင်းတာပဲ. . ."

ကျွန်မစိတ်ကူးနှင့် ကျွန်မပြောလိုက်မိ၏။

ကျွန်မသည် ဒါကိုကြာကြာတွေးမနေချင်ပေ။

"မေမေ့. . . သဘောပဲ. . . စိစဉ်ချင်သလိုသာစီစဉ်. ယုတော့ မနက်ဖြန်ဖြန်တော့မယ်. . ."

ကျွန်မသည်ထိုင်ရာမှထ၍ အိမ်ထဲသို့ဝင်ခဲ့သည်။ အပြင်တွင် တစ်ယောက်ထဲကျန်ရစ်သော မေမေသည် ဘာတွေများ တွေး၍နေမည်မသိပေ။ အမှန်တော့ ဝမ်းသာချင်လည်းသာနေပေလိမ့်မည်။

သူတို့သတ်မှတ်သော အိမ်ထောင်ရေးစည်းဝိုင်းတွင်းတွင် ကိုအောင်ကျော်လိုလူတစ်ယောက်နှင့် သူ့သမီးအား ပေးစားရခြင်းသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်စရာပင်ဖြစ်သည်။

ကျွန်မအနေနှင့် ကိုအောင်ကျော်ကို အလုပ်တွဲဖက်လုပ်လာခဲ့သည် မှန်သော်လည်း၊ တစ်နေ့သော် သူသည်ကျွန်မ



ခင်မွန်းသည် ဖြစ်လာလိမ့်မည်ဟု တစ်ခါဘူးမျှ မတွေးခဲ့မိပေ။

သူသည် သတင်းစာဆရာတစ်ယောက်အနေနှင့် အစွမ်းကုန်တော်ချင်တော်နေပေလိမ့်မည်၊ ကျွန်မ သိရသလောက်လည်း ထက်နေဝန်း သတင်းစာကို သူပင်အုပ်ချုပ်နေရ၏။ သူနှင့်ကျွန်မသည် သတင်းစာသမားနှစ်ယောက်အနေနှင့်တော့ အဆင်ပြေခဲ့ကြသည်ဟု ဆိုရပေမည်၊ သို့သော် နှမ်းတွေ ဒူးတွေ. အိမ်ထောင်သည်ဘဝသို့ ပြောင်းလဲသက်ဆင်းကြချိန်တွင် ယခင်ကလို အလုပ်သမားနှစ်ယောက်အဖြစ် အဆင်ပြေခဲ့သော ဘဝမျိုးကိုရရှိနိုင်ပါမည်လော။

ဤကား စဉ်းစားသင့်သော ပြဿနာတစ်ရပ်ဖြစ်သည်။ ကိုအောင်ကျော်သည် အချစ်ရေးတွင် ရက်ကန်းရှယ်သလိုပင် တစ်ပင်ကိုတစ်ပင်တန်းကာ တစ်တန်းကိုတစ်တန်းဆက်၍ တဖြည်းဖြည်းနှင့် သွားသင့်၏။ ယခုတော့ ကျွန်မ၏နှလုံးသားကိုလည်း ဘာမှမယူ ဘာမှမသိရပါပဲ၊ လူကြီးများကိုချဉ်းကပ်လိုက်ခြင်းမှာ ကိုအောင်ကျော်သည် တုံးတိတိနိုင်လွန်းသည်ဟု ကျွန်မထင်သည်။သူသည် မျက်နှာပူတတ်၍ အလွန်အေးသော လူစားမျိုးဖြစ်သောကြောင့် ယခုလိုလုပ်သည်ဟု ခွင့်လွှတ်တွေးရမည်လော။ ဤသို့ဆိုလျှင် နောင်လက်ထပ်ပြီးသောအခါ စာအုပ်များနှင့်သာအချိန်ကုန်၍ ရေခဲလိုအေးစက်သော လူတစ်ယောက်နှင့် ပေါင်းသင်းရမည့်အရေးသည် ပျော်ရွှင်ဘွယ်ကောင်းပါမည်လော။

ကျွန်မသည် ငယ်သည် ဖျတ်လတ်သည် သွက်လက်

www.burmeseclassic.com



သည်၊ ပုပ္ပုနွေးနွေး လှိုက်လှိုက်လှဲလှဲ စိတ်ပါလက်ပါလုပ်ထတ်သည်၊ ဒါကိုတော့ သူသိပြီးဖြစ်ခဲ့လေသည်၊ အရေးအကြီးဆုံးက ကျွန်မသူ့ကို ချစ်နိုင်ပါမည်လော၊

ကြော်. . . အရွယ်ကြီးလာလေလေ အိပ်မပျော်သောညဥ့်များကားများ၍လာလေလေပင် ဖြစ်သည်တကား။ ယခင်ညဥ့်များက ကိုကိုမောင်အကြောင်းတွေးရ ပုလဲအကြောင်းတွေးရနှင့်အိပ်မပျော်ခဲ့၊ ယခုညဥ့်တွင်တော့ ကိုယ့်အကြောင်းကိုယ်တွေးရသည်နှင့် အိပ်မပျော်ဖြစ်ရပြန် သည်။

သို့သော် အချိန်ကာလများ လိုပါသေး၏၊ ထိုအတောအတွင်းတွင် သူနှင့်ကျွန်မတို့ အဆင်ပြေအောင် ဆက်ဆံသွားကြပြီးမှ လက်ထပ်ဖို့ကိစ္စစဉ်းစားရမည်ဖြစ်၏၊ အချိန်ရှိပါသေးသည်ဟု ကိုယ့်စိတ်ကိုယ်ဖြေကာ စိတ်လျှော့လိုက်၏။ အိပ်ပျော်အောင်ကြိုးစားအိပ်ရတော့သည်၊

□

ရန်ကုန်ပြန်ရောက်သည့်နေ့တွင် အလုပ်တိုက်ကိုတန်းလာခဲ့သည်။ ကိုအောင်ကျော်နှင့် ရင်ဆိုင်ရမည်ကို ရင်ဖို့နေပေမယ့် အလုပ်ရှိသော၍ သူ့အခန်းကိုဝင်ရဦးမည်၊ ယခုတလော ကျွန်မလုပ်နေရသမျှအားလုံးမှာ ဝတ္ထုရေးနိုင်သည့်အတိုင်း ချည်းဖြစ်နေသည် လောကမှာ ဝတ္ထုရေးရှိသည်ထက် အရှုပ်ဆန်နေသည်မှာ မရှိပေ။ ဝတ္ထုရေး၏ကြိုးဆွဲသမျှ က,ရပေမည်။



"ဒီမှာ. . . မခင်ယု. ."

သူကခေ၍ နှုတ်ဆက်နေပေသည်။ ကျွန်မသည် ကြိုးစား၍ ပြုံးပြလိုက်ရ၏။

"အကြိုက်အထူးထုတ် နှစ်ဆန်းတစ်ရက်နေ့အတွက် သတင်းစာတော့ ပြီးသွားပြီ. . ."

"ဟုတ်ကဲ့. . ."

"ဒါပေမယ့် မင်းဝတ္ထုတော့ မသည့်ဘူး. . ."

"ဒါက အယ်ဒီတာ့သဘောပေါ့. . ."

"အေးလေ. . . . ဝတ္ထုကကောင်းပါတယ် ဒါပေမယ့် ပရိသတ်က မင်းသုံးတဲ့စကားလုံးတွေကို နားလည်မှာမဟုတ်ဘူး၊ ကိုယ်သိစေချင်တဲ့အကြောင်းကို ပရိသတ်က နားမလည်နိုင်အောင် စကားလုံးတွေသုံးထားရင် မခက်ဘူးလား. . . မင်းစာတွေကို ဘယ်သူနားလည်မလဲ. . ဆောင်းပါးရေးသလို စကားလုံး ပြောင်ပြောင်နဲ့ ရှင်းရှင်းရေးပါကွယ်. . ."

ကျွန်မသည် ခပ်ရဲရဲပင်စိုက်၍ကြည့်မိ၏၊ သူက ကျွန်မ၏ ဆရာပေဘဲ မကြာခင် သူ့ကိုယူရတော့မည်။

"ဒီမှာ ဦးအောင်ကျော်. . ."

သူ့ကို ဦးတပ်ခေါ်လိုက်ရခြင်းကို ကျွန်မကျေနပ်မိ၏၊ သူသည် ကျွန်မပြောမည်ကိုစောင့်နေပုံရသည်။

"မေမေတို့ကို စာရေးလိုက်တယ်ဆို. . . ယူကိုလို့ချင်တယ်လို့. . ."

ဒီတစ်ခါတော့သူသည် ခေါင်းကိုအငြိမ်မထားပေ၊ ရှေ့

www.burmeseclassic.com



တည့်တည့်လိုလို၊ အပေါ်မော့ကြည့်သလိုလိုလုပ်နေသည်။

"ဟုတ်တယ်. . ."

"ဦးအောင်ကျော်မှာ အသည်းနှလုံးတွေရှိသေးသကိုး. ."

"ရှိတာပေါ့. . . မင်းဒီလိုပြောမယ်ဆိုတာ ကိုယ်သိပါတယ်၊ ကိုယ့်မှာ အသည်းနှလုံးရော၊ ဦးနှောက်ရော ရှိပါတယ်."

ကျွန်မစိတ်ထဲတွင် ရယ်ချင်သလိုလိုဖြစ်လာပြန်သည်၊ မိန်းကလေးစိတ်များသည် အတော်ဆန်းကြယ်သည်၊ ကိုယ့်ကို မကြိုက်ပြန်ရင်လဲ သစ်တုံးလို့ထင်သည်။ ကြိုက်သည်ဆိုပြန်တော့လဲ၊ လှောင်ချင်သလို ပြောင်ချင်သလို လုပ်ချင်လာသည်။

"မင်းမေမေကို ဘာပြောခဲ့သလဲ. . ."

"မေမေ့သဘောလို့ ပြောခဲ့တယ်. . ကျွန်မ ကိုကိုမောင့်ဆီသွားဦးမယ်. . ."

ကျွန်မသည်သူ့ကို တခြားကိစ္စများမှာခဲ့၍ အခန်းထဲမှ ထွက်လာခဲ့သည်၊

ကိုကိုမောင့်အခန်းထဲသို့ဝင်ဝင်ခြင်း ရင်မှာခုန်နေသည်။ ကျွန်မသည် သူ့ရှေ့ရှိ ကုလားထိုင်တွင်ထိုင်လိုက်သည်၊

"မင်းလာမယ်ဆို အကြောင်းကြားရောပေါ့ကွာ. . . ကဲ မေမေ ဘာပြောသလဲ. ."

သူသည် အကြောင်းစုံကို သိချင်လှပြီ၊

"စာတစ်စောင်ပေးလိုက်တယ်. . ."

ကျွန်မသည် အိတ်ထဲမှ မေမေကြီးစာကို ထုတ်၍ပေးလိုက်သည်၊



"ကဲ. . . မင်းပဲ စာကိုဖောက်ပြီးဖတ်ပြစမ်း. . ."

ကျွန်မသည် စာအိတ်ကိုဖောက်၍ သူ့ကိုဖတ်ပြရသည်၊

သား

*မေမေစာရေးလိုက်သည်၊ သားရဲ့စာကို မေမေဖတ်ပြီးလို့ အကြောင်းစုံသိရပြီ၊ ယခုပြန်လိုက်တဲ့ မေမေ့စာကို သားစဉ်းစား၍ဖတ်စေချင်သည်၊ Pearl ပုလဲကိစ္စနဲ့ပတ်သက်ပြီးတော့ မေမေ့မှာ စဉ်းစားရမှာထက် ကိုယ်ချင်းစာရလိမ့်မယ်၊ ပုလဲဟာ မိန်းမသားမဟုတ်လား၊*

"အင်း. . . ."

ကိုကိုမောင်သည် အင်းလိုက်၍ ထိုင်ရာမှထလိုက်သည်။ ပုလဲဆိုသည့်စကားလုံးကြောင့် သူ့စိတ်လှုပ်လှုပ်ရှားရှား ဖြစ်လာပုံရသည်။ အခန်းအလယ်တွင် လျှောက်ရင်းနားထောင်နေသည်၊

*မိန်းမချင်းမို့ ကိုယ်ချင်းစာရမည့်အချိန်မှာ၊ မငွေခင်ဟာလဲ မိန်းမတစ်ယောက်ဖြစ်ပေတာပဲ၊ ဒီတော့ မေမေ့မှာ မိန်းကလေးနှစ်ယောက်လုံးကို ကိုယ်ချင်းစာရလိမ့်မယ်၊ ဒီကိုယ်ချင်းစာတဲ့ အချိန်လေးမှာ ပုလဲမိန်းကလေးဟာ အပေရိကန်၊ မငွေခင်က မြန်မာဆိုတဲ့ လူမျိုးရေးကို မေမေအာရုံမထားလိုက်ပါဘူး၊ သူတို့ နှစ်ယောက်စလုံးကို မိန်းမသားများအနေနဲ့ဘဲ မေမေ*

www.burmeseclassic.com



ဝဉ်းစားကြည့်ပါတယ်။

ကျွန်မသည် စာဖတ်နေရာမှ သူ့ကိုမော့ကြည့်မိ၏။ မြတင်းတွင်ရပ်၍ ပါးစပ်ဟပြီး ငေးနေသည်။

ဒီနေရာမှာ သားအကြောင်းတွေကို သားအသိ ဆုံးမို့ မေမေသာမှ ထုတ်ပြီးမပြောချင်ဘူး။ ခင်ထားသားတို့ကအစ မငွေခင်အထိ သားအကြောင်း သားအသိဆုံးဘဲ။ သားက ပုလဲကိုခေါ်ခဲ့ပြီး ပုလဲရဲ့လက်ကို သားကျိုင်းမှာ ညှပ်ပြီး ငွေခင့်ရှေ့မှာ သားကလမ်းသလားချင်နေတယ်။ ငွေခင်ဟာ မေမေကိုယ်တိုင် ပေးစားခဲ့သူမို့လား။ သား ငွေခင့်ကိုစော်ကားတဲ့ အပြုအမူလုပ်တဲ့အထဲမှာ မေမေဟာမပါ့ပါရစေနဲ့ ငွေခင်ကိုလည်း ကိုယ်ချင်းစာရလိမ့်မယ်။

ပုလဲကိုလည်း မေမေသနားပါတယ်။ ခုချိန်မှာ ပုလဲ ဟာသားရဲ့ 'ချစ်လှချည်ရဲ့' ဆိုတဲ့ဆိုနေကျတေးသွားမှာ အဆိပ်တက်နေမှာ အမှန်ဘဲ။ ဒါပေမယ့် သူမှာသားသမီးတွေမရှိသေးပါဘူး။ ပြီးတော့ သားရဲ့နောက်မိန်းမ ပုလဲကို မေမေဒီခေါ် ပေးလိုက်ရင် ငွေခင်ဘယ်လိုဖြစ်မလဲ။ သူ့အသည်းနှလုံး တွေဟာ ကြေကွန်မှာပေါ့ မေမေ့ယောက်ျားရဲ့ မယားငယ်ကို တစ်ယောက်ယောက်က အိမ်ပေါ်ခေါ်လာရင် မေမေကဘယ်နှယ့်နေမလဲ။ ငွေခင်ကတော့ နှလုံးကသွေးတွေကို မျက်ရည်အဖြစ်နဲ့ သွန်ချမဲ့ မိန်းကလေးပါကွယ်။



ဒီတော့ မေမေဟာ သားရဲ့မယားငယ်ကို မယားကြီးရှေ့ခေါ်လာတဲ့ ယောက္ခမ ရိုင်းကြီး တစ်ယောက် မဖြစ်ပါရစေနဲ့. . .။

ပြီးတော့ သားကအမေရိကန်လူမျိုးအဖြစ်ခံယူဦးမယ်ဆိုတာလဲ မေမေသိပါတယ်။ သားမှာစိတ်ဓာတ်တွေပျက်နေပြီ၊ သားကိုမေမေနဲ့ပြောတယ်။ မေမေ့သား တစ်ယောက်က ကိုယ့်လူ မျိုးကို ချစ်တဲ့စိတ်မရှိတော့တဲ့အဖြစ်ကို မေမေ ဝမ်းအနည်းဆုံးပဲ။

အေး ဒါပေမယ့် သားတစ်ယောက်သာ ချစ်တာမဟုတ်ဘူးပဲ။ သားက တိုင်းပြည်ကိုဆွယ်နေလို့ မေမေရင်ကျိုးတာပဲ။

စာဖတ်ရင်း ဒီနေရာရောက်လာလျှင် ကိုကိုမောင်သည် ကျွန်မအနားကိုလာထိုင်သည်။ သိပ်စိတ်ဝင်စားလာပုံရသည်။

သားဘာသာဖြန့်တဲ့စာအုပ်တွေကို မေမေဖကုန်ဖတ်တယ်။ သားက အမေရိကန်ဒီမိုကရေစီကို မြန်မာလူထု မက်မောအောင်ရေးထုတ်တယ်။ တခြားတိုင်းပြည်တွေကို 'သာယာရွှေပြည်' ဖြစ်လာအောင် သားကရေးထုတ်တယ်၊ သားကိုယ်တိုင်လဲ တခြားတိုင်းပြည်တွေရဲ့ သာယာမှုကိုနှစ်သက်လို့ မြန်မာလူမျိုးတစ်ယောက်အဖြစ်ကစွန့်လွှတ်တော့မှာကိုး. . . .။

ရှင်းရှင်းရေးရရင် သားကလောင်ဟာ သစ္စာမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။

"ဟင်" ကိုကိုမောင်သည် ကြောက်လန့်သလို ဣန္ဒြေပျက်သွားသည်။

မေမေ့ရဲ့ ရည်ရွယ်ချက်ကြီးနဲ့ တည်ထောင်လာခဲ့တဲ့ပုံနှိပ်စက်ကြီးဟာ ခုတော့နိုင်ငံခြားသားတွေရဲ့ ဝါဒဖြန့်ရာဌာနကြီးဖြစ်နေလို့ မေမေဝမ်းနည်းလို့မဆုံးဘူး။

ရှိစေတော့၊ ပုလဲကို မေမေအပြစ်မတင်လိုပါ။ ပုလဲရဲ့ သနားစရာအဖြစ်ကိုလဲ ယု ထံကကြားပြီးပါပြီ။ ဒါပေမယ့် ပုလဲကိုခေါ်မယ့်ကိစ္စမှာတော့ မေမေ့ပရောဂ မပါ၊ပါရစေနဲ့ သားအစွမ်းနဲ့ သားဘာသာခေါ်ပေတော့ မေမေ့မှာတော့ လူမျိုးရေးစိတ်မရှိဘူး ဆိုပေမယ့် လူသားတစ်ယောက်အနေနဲ့ ငွေခင့်အပေါ် သားစော်ကားမှုကိုတော့ အားမပေးနိုင်ပါ။ ကိုယ့်သားပယောဂနဲ့ ပေါက်ဖွားလာပြီး အဖေစွန့်ပစ်ခြင်းကိုခံနေရတဲ့ မြေး ၃-ယောက်ကို မေမေ စောင့်ရှောက်နေတော့မယ်။

အမှန်တော့သားဟာ ဘာမဆို လွတ်လွတ်လပ်လပ်လုပ်နိုင်တာအမှန်ပါပဲ၊ ဒါပေမယ့် အခုအလုပ်မှာတော့ ကိုယ့်လူမျိုး အမျိုးသမီးတစ်ယောက်အပေါ်မှာ သားလုပ်ပုံဟာ ရင်နာစရာကောင်းတယ်။

နောက်ဆုံးတော့ သားသဘောအတိုင်း ငွေခင့် ကိုကွာရှင်းလိုလည်း ကွာရှင်းပြီးတော့ မြတ်မြတ်



သားသား လုပ်စေချင် တယ်။

မေမေဟာ ဘယ်လိုသားမျိုးမွေးမိတယ်လို့ မတွေးတတ်လောက်အောင် ဖြစ်နေတာဘဲ။ ပုံနှိပ်စက်ရုံ ထုတ်ဝေတဲ့ကိစ္စတွေမှာလဲ သားရဲ့လက်ရှိ *Policy* ကို မေမေလက်မခံနိုင်ပါ။

ခေတ်အမျိုးတန်များကို ဘာသာပြန်စေချင်တဲ့ဆန္ဒ မေမေ့မှာရှိပါတယ်၊ သားပြန်တဲ့စာအုပ်တွေကတော့ ဝါဒဖြန့်တွေဖြစ်နေလို့ မေမေ့နှင့် မကိုက်ညီတော့ဘူး။

သားဟာ နိုင်ငံခြားသားတွေက ဝါဒဖြန့်ဘို့မလိုဘဲ သားက သူတို့ရဲ့ဝါဒကို ဖြန့်ပေးနေတာပေါ့။

အချိန်တွေတော့ အများကြီးရှိသေးတာပဲ၊ သားပြင်မယ်ဆိုရင် အချိန်ရှိပါသေးတယ် တိုင်းပြည်ကို သစ္စာဖောက်ကြတဲ့ နည်းအမျိုးမျိုးထဲမှာ စာပေသစ္စာဖောက်တာ အဆိုးဆုံးပဲ၊ စာပေဟာ စိတ်ဓာတ်နဲ့ တွဲရက်နေတာကို၊ စိတ်ဓာတ်စစ်ဆင်လာပြီဆိုတော့ တပ်မကြီးတစ်ခု စစ်ဆင်လာတာထက် ကြောက်စရာ ကောင်းတာပဲ။

ဒါပါပဲ သားတစ်ယောက်အနေနဲ့တော့ မေမေ့မေတ္တာကတော့ အစဉ်နီးမြဲရက်ပါပဲ. . . ။

သားချမ်းမြေ့ရွှင်လန်းပါစေ.

မေမေ

www.burmeseclassic.com

www.burmeseclassic.com



တအားဆုံးတွင် ကိုကိုမောင်ကို ကြည့်လိုက်သောအခါ ခေါင်းငိုက်စိုက်နှင့် ဆိုဖာပေါ် ထိုင်နေသည်။

ကျွန်မကလည်း စကားစ၍မပြောတတ်ပေ။ သူတို့ သားအမိကိုသာ အံ့ဩနေသည်။ အမေလုပ်သည့်သူကလည်း တစ်မြို့စီနေကြပေမယ့် ရန်ကုန်တွင် သားခြေတစ်လှမ်း၊လှမ်းနေသည်ကအစ အမေသိပေသည်၊

"တခြားနောက်ထပ် ဘာတွေမှာလိုက်သေးလဲ"

"မမှာပါဘူး. . ."

"ကဲ. . . ကဲ. . . ယူ သွားချင်သွားတော့. . ."

"အိမ်ကိုပြန်ချင်တယ်. ."

"အေး. . . အေး ပြန်နှားပါဦးလေ. . .။ ဒီမှာလဲ သိပ်ကိစ္စမရှိသေးပါဘူး. . ."

ကျွန်မသည် စာရွက်ကို သူ့လက်ထဲသည့်၍ ထိုင်ရာမှ ထလိုက်သည်။

"မေမေဟာ ဒီတစ်ခါ ကိုကိုမောင့်ကို တော်တော်စိတ်ဆိုးပုံရတယ်နော်. . ."

ကျွန်မသည် ဘာမျှပြန်မပြောပေ။ ခေါင်းရှုပ်နေ၍ အပြင်သို့ထွက်လာခဲ့ပါသည်။ မေမေကြီး စိတ်ထဲတွင်လည်း အတော်ရင်ထုမနာ ဖြစ်နေပုံရသည်၊

ကျွန်မသည် အိမ်ရောက်လျှင် အိပ်ခန်းကိုပဲ တောက်လျှောက်သွားမိသည်။ အိပ်ရာပေါ် ပစ်လှဲလိုက်၍ စိတ်ရောလူရောလွှတ်နေမိသည်၊



ဘာတွေများ ရှေ့လျှောက်ဖြစ်ကြဦးမည်မသိပေ။ အလုပ်ကလည်း ထွက်ချင်လာသည်။ ရတတ်သမျှနှင့် သားအမိနှစ်ယောက် နေစားသွားရသည်ကမှ စိတ်ချမ်းသာဦးမည်။

မျက်စိကိုစုံမှိတ်၍ ကိုယ့်အကြောင်းကိုလည်း ကိုယ်တွေးရဦးမည်။ ကြည့်စမ်းပါ တစ်သက်တာတွဲဖက်၍သွားရမည့်ကိုယ့်အိမ်ထောင်ဘက်အကြောင်းကိုပင် အချိန်ယူ၍တစ်ခါမျှမတွေး မိသေးပေ။

"ဖြစ်မှဖြစ်ရပလေ. . . . ယောကျ်ားယူရမည့်အချိန် ကလည်းနီးကပ်လာပြီ ကျွန်မသည် ချွေးပြန်လာသည်။ အမှတ်မထင်ဆိုသလို မေမေ့ကိုပေးခဲ့သောဂတိမှာ လွယ်ကူလွန်းလှပါတကား. . . ငြီးငွေ့သလို၊ ကြောက်သလိုဖြစ်လာပြန်သည်၊ မတုန်မလှုပ်နှင့် အရပ်လိုလူကိုယူရမည့်ဒုက္ခမှာ မသေးပေ။ ဖြစ်မှဖြစ်နိုင်ပါ့မလား. . . ကျွန်မအတွေးထဲတွင်တောင်မှ ကိုအောင်ကျော့်ရုပ်ပုံမှာ ကျောက်ရုပ်နှင့်တူလာသည်၊ ညို့ရှိုင်းသောမျက်လုံးများသည် မျက်တောင်ခတ်ပုံမရပေ။ အဲဒီမျက်လုံးတွေက ပူပူနွေးနွေးအချစ်ကို ဘယ်လိုလုပ်ပြီး သရုပ်ဖော်နိုင်ပါ့မလဲ. . .။

"မမလေး. ."

ကျွန်မအတွေးဖြင့်မပြီးသေးခင် အိမ်က ကလေးမလေး ကလာခေါ်ပြန်သည်၊ ကျွန်မသည် မျက်လုံးကိုဖွင့်ရင်း. . .

"ဘာလဲ. . . . မငယ်. . ."

"ကိုကိုမောင့်ဆီက တယ်လီဖုန်းလာနေတယ်"

"အေး. . . လာလိုက်ကွဲနော်. . . လာလိုက် တစ်ကာမှာ

www.burmeseclassic.com



လုံး တစ်ချိန်လုံး သူတို့ကိစ္စချည်းဘဲ။ ငါ့အကြောင်းတောင် ငါမစဉ်းစားရတော့ဘူး သိလား. . ."

ကျွန်မသည် ကျယ်ကျယ်အော်၍ ကုတင်ပေါ်မှ ခုန်၍ထလိုက်သည်။ မငယ်မှာ လန့်သွားသလို လှည့်ကြည့်ကာ ရှေ့မှ ပြေးဆင်းသွားတော့သည်။

လှေကားကို ပြင်းပြင်းနင်း၍ အောက်သို့ဆင်းလာမိသည်၊ တယ်လီဖုန်းကို ကိုင်လိုက်လျှင်ပင်. . . .။

"ယုလားဟေ့. . . အိပ်ပျော်နေလား. . ."

"အိပ်နေတယ် ကိုကိုမောင်၊ ပျော်တော့မပျော်ဘူး"

"Sorry ဘဲကွယ်. . ."

အင်း. . . ဒီစောရီတွေနှင့်ပင် သူစားနေသည်။

"ဒီလို. . . ယုရေ. . . မေမေကြီးဆီက ခုပဲသံကြိုးလာတယ်၊ သူတို့ သန်ဘက်ခါ လေယာဉ်ပျံနဲ့ လာမယ်တဲ့. . ."

"သူတို့. . ."

"အေး. . . သူတို့ဆိုတဲ့အထဲမှာ ယုမေမေရှယ်၊ မငွေခင်ရယ် ပါမယ်၊ မငွေခင် တော်တော်နေမကောင်းလို့တဲ့. . ."

"ဟုတ်ကဲ့. . . ယုကြည့်စီစဉ်ပါမယ်. . ."

"စီစဉ်ဆို. . . ဆေးရုံကိုပါခုသွားရမယ်၊ မငွေခင်ကိုဆေးရုံတင်မလို့တဲ့. . . ကဲ ဒါပဲ ယုရေ. . ."

တဘက်မှ တယ်လီဖုန်းချလိုက်ပြန်သည်။ ကဲ လုပ်လိုက်ကွနော်. . . ခင်းတို့ပဲ ခိုင်းနိုင်မလား. . . ကျွန်မပဲ လုပ်နိုင်မလားစိတ်ထဲမှကြုံးဝါးမိ၏၊ အမှန်တော့ ကျွန်မစိတ်နှင့်ကိုယ်ကို



တစ်လ ၃၅ဝိနှင့်ရောင်းထားရခြင်းသာ ဖြစ်နေတော့သည်၊

အရှုပ်တော်ပုံနှင့် ဆုံရဦးတော့မည်။

ကျွန်မသည် အဝတ်ပင်မလဲတော့ဘဲ ကားရှိရာသို့ထွက်လာမိသည်။ အပင်မှကြွေသော ပိတောက်ပန်းတစ်ခက်မှာ ကားစက်ဖုံးပေါ်တင်နေသည်။ ယခုမှ ပိတောက်ပန်းနံ့ကို အနံ့ခံကြည့်မိ၏၊ ပိတောက်တွေပွင့်နေသည်ကိုမှ စိတ်ကူးမယဉ်နိုင်တော့ပါကလား. . .၊

"ခဏလောက် နေပါဦး ပိတောက်ရယ်. . ." ကျွန်မသည် ပန်းခက်ကိုဖယ်ပစ်၍ စိတ်ပျက်လက်ပျက်ပင် ကားမောင်း၍ထွက်လာမိသည်၊ ဆေးရုံကိုသွား၍ Private Room အတွက် ဆရာဝန်တွေနှင့် စီစဉ်ရဦးမည်ဖြစ်လေသည်၊

☐

မေမေကြီးတို့ရောက်လာသောနေ့တွင် မမခင်ကို တစ်ခါတည်း ဆေးရုံသို့တင်လိုက်ရသည်၊

မျက်လုံးရစ်များညို၍ နှုတ်ခမ်းများဖြူနေသည်၊ ကလေးများနှင့်မေမေကြီးမှာ အိမ်ကိုပြန်နှင့်သည်။ ကိုကိုမောင်အလာကိုကျွန်မစောင့်ရင်း မမခင်အားတွင် နေရစ်သည်၊

အမှန်တော့ မမခင်သည် သူလင်က သူ့ကိုလာကြည့်စေချင်လှပြီ။ အိပ်ရာပေါ်တွင် မှိန်းရာမှ ခြေသံကြားတိုင်းတခင်ဝသို့လှမ်း၍ကြည့်၏။ မျက်လုံးအားတွင် မှိုမောင်းသောအား

www.burmeseclassic.com



များရောရှိ၍ မျက်လုံးအိမ်မှာပြူးပြူးပြဲပြဲဖြစ်နေတော့သည်။

"မမခင် ရင်ကောတုန်သလား. . ."

"တုန်တာပေါ့. . . ယုရယ်. . . ညဥ့်ဆိုရင်လဲ အိပ်လို့မရဘူး တွေးရင်းတောရင်းနဲ့ပဲ မိုးလင်းတာပဲ. . ."

"ဘာကိုမှ မတွေးနဲ့ပေါ့. . . ."

"မတွေးဘူးလို့ ကြိုးစားပြီးမေ့ပစ်ပါတယ်၊ ဒါပေမယ့် ကိုကိုမောင်က ဘယ်တော့မှ မေ့လို့မရတဲ့လူပဲ. . ."

စိတ္တဇရောဂါမှာခက်လှသည်။ မုလဲအကြောင်းကို မသိ၍တော်ပါသေး၏။

"စိတ်ပျော်ပျော်နေမှ ကျန်းမာမှာပေါ့. ."

"ပျော်အောင်တော့လုပ်တာပဲ မရဘူး ယု. . မမခင် ဟာ တစ်သက်လုံး သူ့ကိုခွင့်လွှတ်ပြီးနေခဲ့ရတာ၊ ခုလည်း နောက်ဆုံး ခွင့်လွှတ်သွားရမှာပါပဲ. . ."

"ဟာ. . . မဟုတ်တာ မမခင်ကလဲ၊ ကိုယ့်ကို မကြင်နာတဲ့နောက် ယုတော့မရဘူး၊ ဆယ်ပြန်ကိုစိမ်းပစ်လိုက်မယ်. . ."

"ဟဲ. . . ဟဲ. . ."

မမခင်သည် မချိတရိနှင့် တိုးတိုးလေးရယ်လိုက်သည်။

"မခင်ယု. . . မင်းလူမဖြစ်သေးဘူး. . . အပုံကြီးငယ်သေးတယ်။ ဒေါကွယ် ယုကိုရော. . . မမခင်ရဲ့သမီးလေးနှစ်ယောက်ကိုရော မိန်းမတာဖြစ်ကြရတဲ့အတွက် မမခင်ဝမ်းနည်းမိတယ်။ မင်းလည်း ငယ်စိတ်မကုန်သေးဘူး။ မမခင်လည်း ငယ်တုန်းကတော့ စိတ်ထက်ခဲ့တာပေါ့။ ဒါပေမယ့် မိန်းမတွေ



ဟာ အင်မတန်ခွင့်လွှတ်လွယ်တဲ့ သတ္တဝါတွေပါပဲ။ မသေမချင်းတော့ ဘယ်မိန်းမ,မဆို သူတို့ကိုခွင့်လွှတ်ရင်း အချိန်ကုန်သွားကြရမှာပဲ။ သဘာဝတရားတွေကရော ထုံးတမ်းစဉ်လာတွေကရော သူတို့ကိုဦးစားပေးခဲ့တာကိုး. . ."

မမခင်သည် ပြောရင်းအသံတုန်လာပြန်သည်။

"ကဲ. . ကဲ. . စကားမပြောနဲ့ဦး. . . နားဦးမမခင်. "

မမခင်သည် ခဏမှိန်းနေပြန်သည်။ နဖူးစ,မှချွေးစများ စို့နေသည်။ ခဏကြာတွင် ကိုကိုမောင်ရောက်လာသည်၊ အံ့ဩစရာပင်၊ မမခင်သည် မျက်လုံးကိုမှဖွင့်မကြည့်ပဲ ငြိမ်သက်နေသည်။ ကိုကိုမောင်သည် နဖူးစ,ကိုမှမစမ်း လက်များကိုလဲ ကိုင်၍ပင်မကြည့်ပေ။

၁၀-မိနစ်လောက်အေးတွင်ထိုင်နေစဉ်၊ စောင့်အိပ်မည့် အဒေါ်ကြီးရောက်လာတော့သည်။

"ကဲ. . . ယု. . . ပြန်ကြစို့. . ."

ကျွန်မသည် မမခင်နားနားသို့ကပ်ကာ နှုတ်ဆက်၍ ထွက်လာခဲ့ပါတော့သည်။ ကားပေါ်တွင် နှစ်ယောက်ထိုင်ရင်း စိတ်ထဲမှမကျေမနပ်ဖြစ်လာသည်။

"ကိုကိုမောင် ခုနေ မမခင်သေရင် ငိုမှာဘဲ. . ."

"ဘာ. . ."

"ဝမ်းသာလို့ ငိုချင်ယောင်ဆောင်မှာ မဟုတ်လား"

"အောင်မယ်. . . ဒီလောက် ကိုယ်မရက်စက်ပါဘူး ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ပို့မနေစမ်းပါနဲ့ ကိုကိုမောင်ရာ. . . ကိုယ့်မိန်းမနဲ့ဖူး လေးတောင် စမ်းမကြည့်ဘူး နေနိုင်လိုက်တာ၊ ဒေါ်ရေလ. . . ပုလဲမှ ပုလဲဖြစ်နေတာကိုး. . ."

"တော်ပါတော့ ယုရာ. . . သူများတွေကြားကုန်ပါ့မယ်"

ကျွန်မသည် အလိုလိုစိတ်တွင် ရှုံလာတော့သည်။

"ဒါနဲ့ မင်းကို. . . ကွန်ဂရက်ကြွေလေးရှင်း လုပ်ရဦးမယ်"

"အို. . ဘာလို့လုပ်ရမလဲ. ."

"ယုနဲ့ ကိုအောင်ကျော် စေ့စပ်တော့မလို့ဆို. . ."

"ဟင်. . ."

"မဟာင်နေနဲ့. . . ယုမေမေနဲ့ မေမေကြီးရယ်. . . ကိုအောင်ကျော်ရယ် အိမ်မှာတိုင်ပင်နေတယ်. . ."

ကျွန်မစိတ်ထဲတွင် ဟစ်၍ငိုချင်သည်။

"လုပ်ကြလေ. . . သူတို့က လူကိုဘာအောက်မေ့လဲမသိဘူး၊ စီစဉ်နေလိုက်ကြတာ. . ."

"မင်း သဘောမကျဘူးလား. . ."

"အဲဒါတောင် သေသေချာချာမစဉ်းစားရသေးဘူး၊ မေမေ့သဘောလို့ ယုပြောခဲ့မိတာကိုး. . ."

ကျွန်မတို့နှစ်ယောက်သည် ကားမောင်းရင်း အိမ်နား ရောက်လာသည်။ ခြံဝနားရောက်မှပင် ကျွန်မစိတ်ထဲတွင် ကတုန်ကရီဖြစ်လာသည်။

"ကိုကိုမောင်. . အင်းလျားဘက်ကိုမောင်းပါလား. . . ယု အိမ်ထဲကိုမဝင်ချင်ဘူး. . ."



ကိုကိုမောင်သည် လှည့်ကြည့်၍ပြုံးရင်း ကားကိုဆက်မောင်းစဉ် ကိုအောင်ကျော့်ကားသည် ရှေ့မှဖြတ်၍ခြံထဲသို့ဝင်သွားသည်။ သူက ငုံ့ကြည့်လိုက်သေးသည်။ ကျွန်မသည် ရှုတင်းတင်းနှင့်မော့၍ နေလိုက်မိသည်။

"သတို့သား အလုပ်ရှုပ်နေတယ်ထင်တယ် ယု၊ ခုနပဲ အိမ်ထဲတွေ့ခဲ့သေးတယ်. . . ."

ကျွန်မသည် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ ညနေအတော်စောင်း၍ နေဝင်လုပါပကော။ ။

❑

မမခင်၏ သွေးအားနည်းသောရောဂါမှာ ဘယ်လိုမှမထူးခြားလှပေ။ ကျွန်မမှာများနေကျအလုပ်ထက် ညနေတိုင်းဆေးရုံသို့ပြေးရသော အလုပ်မှာပိုလာသည်။ ကိုအောင်ကျော်နှင့်စေ့စပ်ကြသည့်နေ့က စိတ်ရှုပ်ရှုပ်နှင့် အိမ်ကိုပင်မပြန်တော့။

မေမေကြီးရော မေမေကရော ဖုံးဆက်၍ခေါ်သည်။ ကိုကိုမောင်ကလည်း ပြန်လွှတ်နေသည်။

"ကောင်မလေး . . . ဒီလိုလုပ်တာမကောင်းဘူး. . ပြန်. . ."

"မပြန်ချင်ဘူး. . . အလုပ်ထိုက်ကဆင်းရင် ဆေးရုံသွားတော့မယ်. . ."

"အို. . . ဘယ်လိုဟာလေးလဲ၊ စေ့စပ်ပြီးတဲ့နေ့ဆိုလို့ပြီး

www.burmeseclassic.com

www.burmeseclassic.com



လည်းနိုင်တာပေါ့. . .”

“ဒီကျောက်ရုပ်ကြီးက ခက်သားပဲ. . .”

ကျွန်မသည်ပေ၍ အိမ်မပြန်ပဲနေလိုက်သည်။ ကိုအောင်ကျော်ကို မယူချင်၍လည်းမဟုတ် ကြိုက်သလား ဆိုပြန်တော့လည်း မကြိုက်ပေ။

အမှန်တော့ ကိုယ့်ကိုကိုယ်ပြန်တွေးကြည့်မိသည်။ ယခုအချိန်တွင် ဘယ်ယောက်ျားကိုမှ မယူချင်သေးသလို ဖြစ်နေပြန်သည်။ ဒီလောက်မြန်မြန်ဆန်ဆန် အိမ်ထောင်ရေးကို လက်ခံလိုက်ခြင်းမှာ ကျွန်မအတွက် အန္တရာယ်များဖြစ်နေမလား။ ကျွန်မမျက်ရှေ့တွင်ပင်မြင်နေရသော အိမ်ထောင်စုံက အဆင်မပြေဖြစ်နေခြင်းမှာ ကျွန်မကိုချောက်နေသည်။

အမှန်တော့ မောင်းထောင်လဲ မောင်းထောင်၊ ထောင်ငွေလဲထောင်ငွေဆိုသလိုပင် ကိုကိုမောင်ကလည်း မွေလွန်းသည်၊ ပြောရေမှုမှာအမှန်ဖြစ်သည်။ မမခင်ကလည်း အေးတိအေးစက် ကိုယ့်လင်သား၏ စိတ်ဓာတ်ကိုသော်မှ နွေးနွေးထွေးထွေးရှိအောင်မစွမ်းနိုင်ပေ။

မမခင်က အေးလေလေ၊ ကိုကိုမောင်အဖို့ ပုလဲကိုလို နုနုရွရွလေးတွေမှ အစဉ်စိတ်ဝင်စားလေဖြစ်နေသည်မှာ မဆန်းပေ။ ပြီးတော့ ပုလဲက အနောက်သူဖြစ်၍ ဖျတ်လတ်သွက်လက်ပုံတွေမှာ အထူးပင်သင်စရာမလိုတော့။

ကျွန်မမှာလည်း ယခုအိမ်ထောင်ရေးကိုရင်ဆိုင်ရတော့မည်။ ကိုအောင်ကျော်လက်တွင် ကျွန်မဘဝကိုအပ်ရတော့



မည်။ ရိုးသည်၊ တော်သည်၊ ပညာတတ်သည် ဆိုတာတွေက တကယ့်အိမ်ထောင်ရေးတွင် အောင်မြင်မှုပေးပါ့မလား. . .၊ ကျောက်ရုပ်လိုအိမ်ခေါင်းရင်းတွင် ငုတ်တုတ်များထိုင်နေမလား. . တွေးရင်းပင် သူ့ကိုချစ်မရပေ၊

အလုပ်ဆင်း၍တွေ့ရတိုင်း ကွမ်းခြွေတစ်ခွဲသားနှင့် ကျွန်မက ခပ်တည်တည်နေလိုက်သည်။

ကိုအောင်ကျော်သည် ခါတိုင်းဝတ်နေကျ ညိုမဲမဲပုဆိုးများကိုမဝတ်တော့ပေ၊ နေ့စဉ်ပြီးမှ အဝတ်အစားတွေပြောင်းလာသည်။ မရမ်းစေ့ကွက်ပိုးလုံချည်နှင့် မီးခိုးရောင်အပေါ်ဝတ်အင်္ကျီကိုဝတ်လာသည်။ ဆံပင်တွင်လည်း ဆီရောင်သန်း၍လာသည်။ ညာဘက်သို့ညီညီခွဲ၍ထားသော ဆံပင်များသည် ယခင်လို ဖရိုဖရဲမနေတော့ပေ။

မြင်သည့်အခါတိုင်း ခပ်တည်တည်လုပ်နေပေမယ့် စိတ်ထဲတွင်ရယ်ချင်လာသည်။ ညိုဝိုင်းဝိုင်းမျက်လုံးကြီးတွေနှင့် စိုက်၍ကြည့်တိုင်း ကျွန်မမျက်နှာလွှဲလိုက်သည်။ ယနေ့ထိသူနှင့် တစ်ခါမျှ မတွဲမိသေးပေ၊ အလုပ်လုပ်ရင်းပင် ကိုကိုမောင့်အခန်းတွင်သာ အနေများခဲ့တော့သည်။

❑

ယနေ့လည်း အိမ်ကိုမပြန်ချင်၍ မမခင်ဆီကို တန်း၍လာခဲ့သည်။ မမခင်ပါးများသည် ဖောင်း၍ဝါနေသည်။ ခြေ

www.burmeseclassic.com

www.burmeseclassic.com



နှုံလေးတွေလည်း ရောင်နေသည်။ အမှန်တော့ အသားများပွစိစိ ဖောတောတော ဖြစ်နေသည်။

ချွေးတွေပြန်လာတိုင်း သူမောနေပုံရလေသည်။ ယခင်ကလောက် စကားမပြောတော့ပေ။ ခေါင်းအုံးတွင်ထိုင်နေသော ကျွန်မကိုစိုက်၍ ကြည့်လိုက် မှိန်းလိုက်နှင့် လုပ်နေတော့သည်။ သူ့အသွင်အပြင်မှာ နှလုံးသိပ်အားနည်းနေသည်ကို မော်ပြ၍ နေတော့သည်။ ကလေးတွေကို သူထံမခေါ်ခဲ့ရန် လူတိုင်းကို မှာနေတော့သည်။

ဆရာဝန်တွေကမူ မမခင့်အခြေအနေကို လက်လွှတ်နေကြတော့သည်။ ဘာပဲဖြစ်နေနေ လူတစ်ယောက်အနေနဲ့ဖြစ်ဖြစ်ကိုကိုမောင်သည် မကြာမကြာလာကြည့်သင့်ကောင်းသည်။

မကြာခင်တွင် မေမေကြီးရောက်လာသည်။

"ယု. . . အိမ်ကိုပြန်စမ်း. . . မင်းမေမေစောင့်နေတယ်. . ."

ကျွန်မသည် မမခင့်ရှေ့တွင် စကားများများမပြောရ၍ ခေါင်းညိတ်ကာ အပြင်ထွက်လာခဲ့သည်။

အိမ်တွင်ကိုအောင်ကျော်ရောက်နေမှာကို စိုးရိမ်နေသည်။ ဒါပေမယ့် အိမ်ပြန်ရောက်သောအခါ ဇာတ်ထုတ်မှာ တစ်မျိုးဖြစ်နေတော့သည်။

ဧည့်ခန်းကိုမဝင်ခင် စကားသံများဆူ၍ အပြင်ကိုထွက်လာသည်။

"ဦးကျော်ဟာ ဒီအကြောင်းတွေကို ကျွန်မကိုအစောကြီး



ပြောသင့်ကောင်းတယ်. . ."

မေမေ့အသံသည် ကျယ်၍တုန်တုန်ရီရီထွက်လာသည်။ ကျွန်မဧည့်ခန်းဝတွင်ရပ်လိုက်လျှင် ဦးကျော်ရောမေမေပါ ကျွန်မကို လှမ်းကြည့်ကြသည်။ မေမေ့နှုတ်ခမ်းများသည် ဖြူ၍ မျက်လုံးတွင်မျက်ရည်တို့စို့နေသည်။ နဂိုကကျနေသော နထင်များမှာ ပို၍ချောင်သလိုထင်ရသည်။

ဦးကျော်ကြည့်ပုံမှာ အလန့်တကြားဖြစ်နေသည်။ အခန်းထဲတွင်မီးမှိန်ထား၍ မီးရောင်နှင့်သူ့မျက်လုံးမှာ ကျားမျက်လုံးလိုခက်ထန်နေသည်။

"ရှင် သွားနိုင်ပါပြီ. . . ဦးကျော်. . ."

ဦးကျော်သည် ကျွန်မကိုထပ်၍ကြည့်ကာ အတွင်းဘက်အခန်းသို့ဝင်သွားတော့သည်။

"ဘာဖြစ်နေကြတာလဲ မေမေ. . ."

မေမေက ရှိုက်၍ ရှိုက်၍လာသည်။

"ဟာ. . . ဘယ်ဖြစ်ကြတာလဲ. . ."

ကျွန်မသည် မေမေ့ဘေးတွင်ဝင်ထိုင်ရင်း မေမေ့ကို ကိုင်၍လှုပ်လိုက်၏။ သူသည် မျက်နှာကို အုပ်ထားပြန်သည်။

"သမီးဟာ ဒီလိုလုပ်ဖို့မကောင်းဘူး. . . ."

"ဘာလဲ. . . မေမေ. . သမီး ဘာလုပ်လို့လဲ."

"သမီးဇာတ်ထုပ်ကို သမီးရှင်းမှဖြစ်မယ်"

"ဘာဇာတ်ထုပ်လဲ"

မေမေသည် ကျွန်မကိုမော်ကြည့်လိုက်၏။ ဒါပေမယ့် သူ့မျက်လုံးများသည် မျက်ရည်စိုနေသလောက် ဝင်းဝင်းတောက်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ဒါလောက် ငါ့သမီးလည်နေမှန်း မေမေမသိဘူး. . ."

"မေမေပြောတာတွေ သမီးတစ်ခုမှ နားမလည်ဘူး။ ပြောစမ်းပါ. . ."

"နားမလည်ရင်ပြောပြရမှာပဲ၊ ဘာလို့ ကိုအောင်ကျော်နဲ့ စေ့စပ်တာကို လက်ခံရသလဲ. . ."

ခက်ကပြီ၊ သူတို့ကလည်း သဘောတူ၍ ကျွန်မကအစ ကြောင်ကြောင်နှင့် လက်ခံလိုက်ရသည်။ ယခုဘာဖြစ်ပြန်ပြီလဲ။

"မေမေက. . . သဘောတူတယ်ဆို. . ."

"အေးလေ. . သမီးက သန့်သန့်ရှင်းရှင်းထင်လို့ သဘောတူတာ. . . ခုတော့. ."

"ခုတော့. . . သမီး ဘာဖြစ်နေလို့လဲ. . ."

"ညည်း. . . ညည်း. . ကိုကိုမောင်နဲ့ ညားနေတယ်ဆို"

"ဟင်. . ."

ကျွန်မသည် တစ်ခွန်းသာ အော်လိုက်မိသည်။ မေမေသည်တစ်သက်လုံး မသုံးစဘူး ညည်းတွေဘာတွေနဲ့ တော်တော်ဒေါသထွက်နေပုံရသည်၊ မေမေဒေါသထွက်သလို ကျွန်မအားသွေးတွေကလည်း တုန်လာသည်၊

"မဟုတ်ဘူး မေမေ. . နဲနဲမှမဟုတ်ဘူး. . ."

"မညာနဲ့. . . မိခင်ယု. . . မေမေ. . အကုန်သိတယ်"

သူသည် နှိုက်၍ နှိုက်၍နေပြန်သည်။

"ခက်တာပဲ. . . မဟုတ်ဘူးဆိုတာကလွဲလို့ သမီးဘာမှ



မပြောနိုင်ဘူး. . ."

"အေး. . . သမီးမဟုတ်တာက မုံလာဥဖြစ်နေတယ်. "

"ဒို. . . ဘာတွေ လက်ဆုပ်လက်ကိုင်ပြနိုင်လို့လဲ. ."

"ဦးကျော်. . . ဦးကျော်ကိုယ်တိုင် ညည်းတို့နှစ်ယောက်ကိုအိပ်ခန်းထဲမှာမိတာပဲ၊ အေး. . ပြီးတော့ ရှက်လိုက်တာဟင် . . ယောက်ျားလေးရဲ့အိပ်ခန်းထဲမှာမှ ညည်းကရောက်နေသေးတယ်. . . မေမေသိပ်ရှက်တာပဲ. ."

ကြက်သီးဖြန်းဖြန်းထ ကြက်ကြူပါအောင်ဆက်၍ ငိုနေပြန်သည်။ ခက်လိုက်သည်မှာ အလွန်ပင်၊ ဘာတွေပြော၍ ဘာတွေဖြစ်နေပါလိမ့်၊

"တိရစ္ဆာန်ကြီး. . . မဟုတ်တာတွေပြောသွားတယ် ထင်တယ်. ."

"မိခင်ယု. . . မရိုင်းနဲ့နော်. . . ကိုယ့်ဦးလေးလောက်ကို. . ."

"မေမေတို့ကလဲ အရှမ်းစွပ်စွဲတာပဲ. . ."

ကျွန်မသည် လူကြီးတွေကို တစ်ခါမှအော်၍ပင် မပြောခဲ့မိ ယခုတော့ ကျွန်မဒေါသကို ကျွန်မ မချုပ်တည်းနိုင်ပေ. . .။

"စွပ်စွဲတာမဟုတ်ဘူး. . . အဲဒီညက အားလုံးအိပ်နေပြီတဲ့၊ ကုတင်ပေါ်ကလိမ့်ကျသံကြားလို့ ဦးကျော်ထကြည့်တော့ ညည်းတို့နှစ်ယောက် လဲရက်တွေ့တာ၊ အရက်ခေါ်ကလည်း ဟောင်လို့တဲ့၊ ဘယ်အဖြစ်မျိုးရောက်နေကြလည်းမသိဘူး ပြီးတော့ ဒီအခန်းက ကိုကိုမောင့်အခန်း. . ."

"မဟုတ်ဘူး မေမေ. . . မဟုတ်ဘူး. . . သမီးပေါ်ပြီ

www.burmeseclassic.com



အဲဒီညက. . ."

"တိတ်တော့. . ."

မေမေသိပ်ခက်ပါလား၊ ယခင်က အေးအေးဆေးဆေး နှင့် ပြောတတ်သလောက် ယခုအခါ အရမ်းစွပ်စွဲနေပြန်ပြီ။

"အဲဒီညက ထားပါဦး. . . ပုသိမ်ဘက်ကိုဘာလို့ထွက် ရတာလဲ. . . ဦးကျော်လည်းပါတယ်ဆို. ."

"ဟုတ်တယ်. . ."

"အေး. . . ဒီတုန်းက တစ်အိမ်လုံးအပေါ်ထပ်မှာ ညည်းတို့နှစ်ယောက်ထဲ ဖော်ပါတော့. . . မေမေ. . . ဆက် တောင်မတွေးချင်ဘူး. . ."

"မတွေးချင်လဲနေ. . . ."

မေမေ့ကိုပင် ဂရုပြောမိလာသည်၊ ဖြေရှင်းသည်ကိုမျှ နား မထောင်ကြတော့ပဲ ကျွန်မဆက်ပြောနေ၍လည်း ပိုနေတော့ သည်။

"သိပါတယ်. . . ဒါကြောင့် သိပ်မှုပြောင်းကြတာကိုး မောင်အောင်ကျော်နဲ့စေ့စပ်ပြီးကတည်းက ကိုကိုမောင့်ဆီက အိမ်ကိုပြန်မလာဘူး. . ."

"မေမေ ပြောတာတွေ လွန်လာပြီ၊ ကိုကိုမောင်က သူ့ မိန်းမ အိမ်ရောက်ကတည်းက ပြန့်၊ အိပ်တာ. . ."

"တော်စမ်းပါ. . . သမီးကိုယ်တိုင်ကလည်း မောင် အောင်ကျော်ကို မျက်နှာထားကြီးနဲ့လုပ်နေလိုက်တာ၊ အစက ပြောရင် မေမေ ဘာမှမစိမ်ဘူး နေတော့ ကိုကိုမောင်က



သမီးကိုခွာမှာမို့ မောင်အောင်ကျော်ကို လက်ခံတာမဟုတ်လား။ ခု မောင်အောင်ကျော်က လာပြီးပြောတယ်၊ စေ့စပ်ထားတာ ဖျက်လိုက်ပါတဲ့. . ."

"ဘာ. . ."

ကျွန်မသည် ရူးချင်သလိုဖြစ်သွားတော့သည်။ စေ့စပ် ထားသည်ကို ဖျက်လိုက်ရ၍ဝမ်းနည်းသည်မဟုတ်၊ ယောကျ်ား တစ်ယောက်နှင့် မဟုတ်တရုတ်အစွပ်စွဲခံရသည်မှာ အသည်း နာစရာကောင်းလှသည်။

"သမီးအကြောင်းတွေကို သူအကုန်သိသွားပြီ ဦးကျော် ကပြောပြတယ်၊ ရိုးတဲ့လူငယ်တစ်ယောက်ကို သမီးဒီလို မစော် ကားသင့်ဘူး. . ."

"မေမေတို့ ထင်ချင်သလိုထင်တော့၊ သမီးဘာမှ မ ရှင်းချင်ဘူး၊ ဘုရားသခင်ဟာ အမှန်တရားကိုသိမှာပဲ. . ."

"ဘုရားကိုဆွဲမထည့်ပါနဲ့၊ လျော်ကြေးပေးပြီးတော့ တောင်စေ့စပ်တာကို ဖျက်ချင်တယ်တဲ့. . ."

"လျော်ကြေးလည်းမပေးနဲ့. . . ဖျက်ချင်တဲ့အချိန်ဖျက်ပေါ့"

"အရှက်မရှိတဲ့ သရက်စေ့မ ညည်းကတော့ ဖျက်ချင် နေတာကိုး. . . သမီးရှင်အနေနဲ့ မေမေရှက်တယ်. . ."

မေမေသည် ဒေါသည်လိုအော်ဟစ်လာသည်။ နောင် စိတ်အေးသွားမှ ရှင်းပြလို့ဖြစ်တော့မည်၊ ဆက်ပြောရင် ပြောသ လောက် ဒေါသပွနေမှာပဲဖြစ်သည်။

"ရော. . . မောင်အောင်ကျော် ပေးသွားတဲ့စာ. . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည်စာကိုလှမ်းယူ၍ ထလိုက်သည်။

"သောက်မျိုးတွေကို ရှပ်တယ်. . ."

တစ်ခါမျှမသုံးသောစကားလုံးကို ကျွန်မသုံးလိုက်သည်။

အမှန်တော့ ဒီတစ်ခါ တိုင်းလိုက်ရသည်မှာ စိတ်ပေါ့သွားသည်။

ယခုမှ ဆဲကြသည့်အဓိပ္ပာယ်ကို နားလည်လာတော့သည်။ ရင်ထဲမှဒေါသတွေကို ထုတ်ပစ်သည့်နေရာတွင် ဆဲခြင်းသည်တစ်ခုပါသည်။ ဖွင့်၍ဆဲလိုက်ရသည်မှာ ရင်ထဲမှာသက်သာသည်။ ကျွန်မလှည့်၍ အခန်းဝသို့ခြေအလှမ်းတွင်. . ။

"အမျိုးတွေကိုဆဲစရာမလိုဘူး. . မိခင်ယု၊ လင်စိတ်မွှန်ပြီးရိုင်းချင်တိုင်းမရိုင်းနဲ့. . . ."

ကျွန်မသည် ဘာမှလှည့်မပြောပဲ လှေကားကိုတက်လာသည်။ ဦးကျော်ကြီးကိုပဲသွား၍ သတ်ချင်သလိုလို၊ ကိုအောင်ကျော်ကိုပဲ လိုက်ရိုက်ချင်သလိုလို ဖြစ်လာတော့သည်။

အိပ်ယာဆီကိုပဲ ပြေးရသည်။ ယခင်ကသက်သာရာရခဲ့သောမေမေ့ရင်ခွင်မှာ ကျွန်မကိုလက်မခံတဲ့နောက် အိပ်ရာဆီကိုပဲ ကျွန်မပြေးရပေမည်။

အိပ်ရာပေါ်လှဲရင်း ကိုအောင်ကျော့်စာအိတ်ကို ဆုတ်၍ဖွင့်လိုက်သည်။ စာကို မဖတ်ချင်၊ လူကိုပဲတွေ့လိုက်ချင်သည်။

ချစ်လှစွာသော ယု. . .

တစ်သက်တာအဖို့ ခုအချိန်ဟာ .



ကိုအောင်ကျော့် စိတ်ဒုက္ခအရောက်ဆုံးပဲ၊

ယုကို အဝေးကြာလေ့လာပြီးမှ ကိုအောင်ကျော် ချစ်ခဲ့တယ်။ ဒါပေမယ့်'အ' လွန်းတဲ့အဖြစ်ကြောင့် လူငယ်ချင်း မစ,ခဲ့မိတာဟာ ကိုအောင်ကျော့် အမှားပဲ၊

လိုလည်းလိုချင်လို့ ဖြစ်တဲ့နည်းနဲ့ နီးစပ်အောင် ကြံခဲ့မိတယ်၊ ကိုအောင်ကျော်က ချစ်သလောက် ယုက မုန်းမုန်းနေတာတွေ၊ ဇေ့စပ်တုန်းက မြန်မလာတာတွေဟာ ခုမှ တစ်ခုစီ ပေါ်လာတယ်၊

ယုနဲ့ ကိုကိုမောင့်အဖြစ်ကို မသိသေးလို့ ကိုအောင်ကျော်လည်း ကြံမိတာပါ၊ စောစောက အသိပေးပါတော့ ယုရယ်. . . ၊

ခုမှ ဦးကျော်ပြောပြလို့ အကြောင်းစုံသိရတာပဲ၊နောက်ဆုံးတော့ ကိုအောင်ကျော် နောက်ဆုတ်ပေးဖို့ ဆုံးဖြတ်မိတဲ့အတိုင်း လုပ်လိုက်ပါပြီ၊

'တက်နေဝန်း' သတင်းစာကြီးမှာ ယုတို့နှစ်ယောက် ဦးစီးပြီးနေရစ်ခဲ့ပါတော့. . .

အောင်ကျော်

သေလိုက်. . . သေလိုက်. . အကုန်လုံးသေလိုက်ကြ ဘယ်လောက် စိတ်ပျက်စရာကောင်းသည့်လူတွေလဲ၊ ဒါနဲ့ဘူး သူတွင် အသည်းနှလုံးရော ဦးနှောက်ရောရှိပါသတဲ့။ ဦးနှောက်

www.burmeseclassic.com

က မစဉ်းစားတော့ဘူးလား။

ဓာတ်ထုပ်တွေက ရှုပ်သထက်ရှုပ်၍ ကျွန်မသည် ဘယ်ကစ၍ ရှင်းရမှန်းမသိပေ။ ရှင်းလည်း မရှင်းလိုတော့၊ ပုလဲနှင့်ကိုကိုမောင်က တစ်ဓာတ်ထုပ်၊ မမခင်ကတစ်ခန်း၊ ကျွန်မနှင့်ကိုအောင်ကျော်ကတစ်ဖုံ၊ အဖြစ်တွေကလည်း 'လူ'ဆန်လွန်းကြသည်၊ ကိုယ့်အတွေးနှင့် ကိုယ်အထင်လွဲကြ ရှင်းပြ၍လည်း ဘယ်သူမှနားမထောင်ချင်၊ မှတ်က ရော. . မိခင်ယု၊ အရက်သမားနှင့်အတူတွဲ၍ အနေရဲမှုမှာ ယခုတော့ ရေစုန်မျောရပေပြီ၊ ကိုကို မောင့်ကို ဒေါသထွက်လာပြန်ပြီ။

ကျွန်မသည် လက်ထဲမှ စာရွက်ကိုအစိတ်စိတ်ဖြစ်အောင်ဆွဲ၍ ဆုတ်ပစ်လိုက်၏။ အင်္ကျီများချွတ်လဲပြီး အိပ်ရာပေါ် ပစ်အိပ်လိုက်သည်၊ သာကီဝင်မင်းမျိုးတို့ ရှုပ်ကြသောအခါ တိုင်းပြည်ပင်ပျက်သေးသည် မဟုတ်ပါလား။

ကျွန်မသည် အားလုံးကိုစိတ်နာလွန်း၍ အိပ်မှိုတစ်ခု ကိုပင်ကြိုးစားနေမိသည်၊

□

နောက်နေ့မနက် အိပ်ရာမှနိုးချိန်တွင် နေအတော်မြင့်နေလေသည်၊ ငှက်ဖျားကျပြီးစ လူမမာလို နုန်းချိချိဖြစ်၍နေလေသည်၊ ခြေလက်များမှာလည်း မသယ်ချင်မလှုပ်ချင်ပေ၊

မျက်လုံးကိုအသာမှိတ်၍ အိပ်ရာထဲတွင်ပဲ ငြိမ်၍နေမိ



သည်။ အိပ်ခန်းထဲတွင် နေခြည်များမှာ သံတိုင်ကြားမှ ဖြန့်ကျဲကြသည်၊

မနေ့ကအဖြစ်မှာ စိတ်ထဲတွင်ပေါ်၍လာသည်၊ မနေ့ညကခံစားလိုက်ရသော စိတ်ဝေဒနာမှာ များသည်ထက်ဆိုးသေးသည်။ ကိုယ့်စိတ်ကိုပင် မဟုတ်သလိုလို မယုံကြည်နိုင်သလိုလို ဖြစ်နေသည်။ ဘာတွေ ဖြစ်လိုက်သည်ကိုလည်း အသေးစိပ်ပြန်၍ တွေးကြည့်ရ၏၊

လွန်ခဲ့သောလများက ကိုကိုမောင်နှင့်နေခဲ့သော အချိန်များ၊ ထိုအချိန်များသည် ကျွန်မအနာဂတ်ကို ပြောင်းလဲ၍ ပစ်ခဲ့ကြသည်။

အရက်မူးလွန်သောညက နှစ်ယောက်ထဲအိပ်ခန်းထဲတွင်လဲကျကြသည်ကို ဦးကျော်ကမှတ်သားလိုက်၏၊ သူ့စိတ်ထဲတွင်သက်မကောင်းဖြစ်နေသည်များမှာ ပုသိမ်ဘက်ထွက်အလာတွင် ပို၍ဆိုးလာသည်။

မဟုတ်မခံစိတ်နှင့်သာ ဦးကျော်အပေါ်တွင် ဒေါသထွက်ခဲ့သော်လည်း ယခုလို အေးအေးဆေးဆေးပြန်တွေးချိန်တွင်မှ သူ့အပေါ် ဒေါသထွက်စိတ်များမှာ တဖြည်းဖြည်းအေးစပြုလာသည်၊ ဦးကျော်ထင်မည်ဆိုလည်း ထင်လိုက်ပေသည်၊ ကိုကိုမောင့် စာရိတ္တနှင့်ပတ်သက်၍ သူသည် အူအသည်းကအစ သိသူမဟုတ်ပါလား။ အိမ်ပါလူယုံတော်ကြီးဖြစ်၍ ကိုကိုမောင့်အကြောင်းတွေကို အစင်းသိခဲ့လေသည်။ အမှန်တော့ အကြောင်းကြောင်းတွေက မဖြစ်ချင်၍သာ၊ ကျွန်မတို့ နေထိုင်

ခဲ့သော အနေအထားမျိုးနှင့် ကိုကိုမောင်အရက်သောက်ပုံမှာ အများကြီးမှားနိုင်ခဲ့လေသည်။

အေးချမ်းတိတ်ဆိတ်သော ညဥ့်၏အာရုံများသည် စိတ်ကူးယဉ်စရာကောင်းခဲ့သည် မဟုတ်ပါလော။ နှလုံးသားတွင် ခိုအောင်းနေကြသော အချစ်စိတ်သည်လည်း ညဥ့်အလှတွင် ပို၍ဖွင့်လန်းချင်သည်၊ လန်းဆန်းသော ပန်းပွင့်များကို ဖြတ်ချွေ၍ ရှူချင်သည်။

ထို့ကြောင့်ပင် ဦးကျော်သည် ကျွန်မနှင့်ကိုကိုမောင်တို့ ညဥ့်နက်အောင်စကားပြောပြီးသော ညဥ့်များကုန်လွန်၍ နောက်တစ်နေ့ရောက်တိုင်း သူ၏ ကျွန်မကိုကြည့်ဟန်သည် အဓိပ္ပာယ်အများကြီးပါ၏။ မျက်နှာကြောကြီးတင်းကာ မျက်စောင်းကြီးကလည်း တစ်ချီတစ်ချီပစ်ထိုးလိုက်သေး၏။ ယခုမှပင် ၎င်းအမူအယာများ၏ သဘောအဓိပ္ပာယ်ကို တွေးမိတော့သည်။ ကိုယ်ကတော့ ကိုယ့်စိတ်ရှင်းသည်ဆိုသည့်အနေနှင့် သွားလာနေထိုင်လာခဲ့သမျှမှာ အထင်လွဲနေသူများအတွက် အပြစ်ရှိသော အကွက်မျိုးဖြစ်ခဲ့၏။ စင်စစ်မတော့ ကျွန်မသည်လည်း အနေအထိုင်ဆင်ခြင်ဖို့သင့်၏၊ ကံကောင်း၍သာ လက်မတင်လေး လွတ်မြောက်ခဲ့ခြင်းဖြစ်ပေသည်။ ဤလိုနေပါများလျှင်ကြာသော် မမှားယွင်းဟူ၍လည်း ဘယ်သူမှမဆိုနိုင်၊ ကာမဂုဏ်တရား၏ "ကန်း" ခြင်းအတိုင်းအရှည်ကို မည်သူမှ မမှန်းဆနိုင်ပေ။

ကျွန်မတို့အတူနေ၍ ကုန်လွန်ခဲ့သောညဥ့်များကလည်း



လှပတိတ်ဆိတ်သော ညဥ့်များဖြစ်၏၊ နေခဲ့သောအိမ်များက [illegible]်း သီးခြားဆိတ်ငြိမ်သောနေရာများဖြစ်ခဲ့လေသည်။ ဒီလိုပတ်ဝန်းကျင် အခြေအနေတို့နှင့်တကွ ကိုကိုမောင်၏ ယခင်ကကျူးလွန်ခဲ့တတ်သော ဖြစ်မှုတွေကို ဆက်စပ်လိုက်သောအခါ ကျွန်မနှင့် ကိုကိုမောင်ကို ဦးကျော်စွပ်စွဲလိုက်သည်မှာ ဆီလျော်ပေသည်။

ဦးကျော်ကိုစိတ်မဆိုးတော့ဘူးဆိုပေမယ့် ကျွန်မအာ ဏာတော့သွားပြီ။ အမှိုက်တွေအနှံ့ကို ဦးကျော်က မောင်းခတ်လိုက်ဦးမည်၊ ကိုအောင်ကျော်နှင့် ရေစပ်ကြောင်းလမ်းခြင်းမျက်သိမ်းလိုက်ခြင်းမှာလည်း ကျွန်မအတွက်ရှုပ်ပျက်ခဲ့လေပြီ။

ကျွန်မသည် ဖန်တီးလာသောအကြောင်းတရားများကို ပဲ အံ့ဩမိ၏။ ဘယ်နှယ့်မှလည်းမတတ်နိုင်၊ တကယ်တော့ ဝမ်းတထွာအရေးမှာ လွယ်မရောင်နှင့်ခက်ပါကလား . . .။

ဝမ်းရေးအတွက်ကျွန်မက ခုဗီ ကိုမြင်ခဲ့သည်။ ခုဗီကြောင့် ကျွန်မအနာဂတ်သည် အရုပ်ဆိုး၍လာလေပြီ၊

တစ်ခုတော့သွား၍ စဉ်းစားမိသည်၊ ယခုအချိန်တွင် ပုလဲအကြောင်းနှင့်ပတ်သက်၍ မေမေကြီးကောင်းကောင်း သိသည်။ 'ပုလဲ' နှင့်ကိုကိုမောင့်အပြစ်ကို ဖွင့်၍ပြပါမှ ပရိသတ်အဖို့ စိတ်ရှင်းမည်ဖြစ်သည်။

ဒီပရိသတ်ဆိုသည်မှာလည်း စိတ်ပျက်စရာကောင်းသည်၊ အမြဲပဲ သူတို့ကိုဂရုစိုက်နေရသည်၊ ကျွန်မစိတ်ထဲတွင် ရွံလာပြန်သည်၊ ဖြစ်ချင်ရာဖြစ်၊ ထင်ချင်ရာထင် ဘယ်သူမှ . . .

www.burmeseclassic.com

www.burmeseclassic.com



မမြေရှင်းချင်သလို ဖြစ်လာတော့သည်။

ဒါပေမယ့် တစ်ခုတော့ ဝမ်းနည်းမိသည်။ အစဉ်သဖြင့် ခွင့်လွှတ်တတ်သော မေမေသည် ယခုတော့ ကျွန်မကိုခွင့်မလွှတ်နိုင်တော့၊ ကောင်စဉ်ခုနစ်ထပ်နှင့် ဆူးခုနစ်တောကို ကျော်ခဲ့ရပေစေ၊ အပြေးအလွှားပြန်လာ၍ ခိုဝင်နားခဲ့ရသော မေမေ့ရင်ခွင်ကလည်း ယခုလက်မခံတော့၊ ဘယ်သူတွေဘယ်လိုပဲထင်ထင် မေမေ့တစ်ယောက်ကိုတော့ ဖြေရှင်းချင်ပါသည်။

မနေ့ညနေက မေမေ့မျက်နှာကို တွေးမိသောအခါ ငိုချင်လာတော့သည်။

"မမလေး. . . မမလေး. . ."

အပြင်တွင်မငယ်လာခေါ်နေပြန်သည်။ ခေါင်းရင်းစားပွဲမှ နာရီကိုသကြည့်သောအခါတွင် ၈-နာရီပင်ထိုးနေပြီ။ မငယ်သည် ကျွန်မနိုးမှန်းသိ၍ထွက်သွားပြန်သည်။

ရေချိုးပြီးသည့်အခါတွင်မှ ညဥ့်ကစိတ်မောခဲ့သည်များ သက်သာသွားသလို ဖြစ်လာသည်။ စိတ်ထဲမှာလည်း နဲနဲပေါ့သွားသည်။

အခန်းတံခါးဖွင့်၍ လှေကားမှဆင်းချိန်တွင် စိတ်ထဲမှာ လှုပ်ရှား၍လာပြန်သည်။ မေမေ့ကိုဘယ်လို ရင်ဆိုင်ရပါမလဲ၊ မေမေသည် ကျွန်မဖြေရှင်းသည်ကိုမှ နားထောင်ပါ့မလား။ လက်ဖက်ရည်သောက်မှ စောင့်နေပါ့မလား။ အမှန်တော့ ယခုအချိန်မှာ သောက်ချိန်မဟုတ်တော့ အတော်နေမြင့်ခဲ့လေသည်။

ထမင်းစားခန်းထဲသို့ရောက်ချိန်တွင် ဘယ်သူမှမတွေ့၊



တစ်အိမ်လုံးကလည်း တိတ်၍နေသည်၊

မငယ်ပြင်သွားသော လက်ဖက်ရည်ပွဲမှာ ကျွန်မရှေ့တွင် ခြောက်ကပ်ကပ်ဖြစ်နေသည်။ လက်ဖက်ရည်ကို ကြိုက်၍ချတိုင်း ရင်ထဲမှာနင့်လာသည်။ မုန့်တစ်ချပ်ကိုပင် စား၍မရတော့၊

မငယ်သည် ကျွန်မဘေးတွင် မြေးမြေးလာ၍ရပ်သည်။

"မငယ်. . . . တစ်အိမ်လုံးတိတ်လို့ပါလား. . မေမေတို့ကော. . ."

မငယ်သည် ဘာဖြစ်နေမှန်းမသိ ဖျပ်ဖျပ်လဲတ်လတ် မရှိပေ။

"မေမေကြီးရော. . . ဖေါ်ဖေါ်ပါဆေးရုံသွားကြတယ်၊ မမခင်တော်တော်သဲလို့တဲ့. . . မနက်အစောကြီး ဆေးရုံကတယ်လီဖုန်းဆက်လို့. . ."

"ဟယ်. . . ငါတောင် မသိပါလား. . . . ကလေးကော. ."

"ဦးကျော်နဲ့နောက်ဘက်ခြံထဲမှာ. . . . ဖေါ်ဖေါ်က မမလေးကို မနှိုးနဲ့ဆိုလို့. . . ."

မေမေသည် ကျွန်မကိုလူထဲမသွင်းချင်တော့ပါကလား။ လက်ဖက်ရည်ကို ဆက်၍မသောက်ချင်တော့၊ မမခင်ဆီလိုက်သွားချင်သေးသည်။

ကျွန်မသည် အပေါ်တက်၍ အဝတ်လဲနေတုန်းပင် မငယ်ရောက်လာပြန်သည်၊

"မမလေး. . . တယ်လီဖုန်းလာနေတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ အဝတ်လဲပြီးအောက်သို့ဆင်းခဲ့သည်။ တယ်လီဖုန်းကိုင်လိုက်လျှင် ကိုကိုမောင့်အသံကို ကြားရသည်။

"ယုလားဟေ့. . . . ခုမြန်မြန် အလုပ်တိုက်ကို လာခဲ့စမ်း. "

"ဒီမှာကိုကိုမောင် ယုအတွက်ကားတစ်စီးမှ အိမ်မှာမရှိဘူး။ အားလုံးဈေးရုံသွားကြတယ် မမခင်တော်တော်ဖြစ်နေတယ်"

"ဪလေ. . . ဒီလိုဆို ကိုယ်ကားမှိုလိုက်မယ်၊ မြန်မြန်လိုက်လာခဲ့ပါ. . . အရေးကြီးလို့ ဆေးရုံကိုနေ့ခင်းမှ သွားနော်. . "

တစ်ဘက်မှ တယ်လီဖုန်းချလိုက်ပြန်သည်၊ ဆေးရုံမသွားရ၍ စိတ်ပျက်သွားပြန်သည်၊

နာရီဝက်အတွင်း ကားရောက်လာ၍ အလုပ်တိုက်သို့ လိုက်ခဲ့ရလေသည်၊

တိုက်ထဲသို့ဝင်ဝင်ခြင်း ကိုအောင်ကျော့်ကိုသတိရမိသည်၊ သို့သော် သူ့အခန်းထဲတွင် မရှင်းလင်းဖြစ်နေသည်။ သူဘယ်သွားပါလိမ့်။ ကျွန်မနှင့် မျက်နှာချင်းဆိုင်ရမှာ ဖိုးသည်ထင်သည်၊ ရှင်းတန်သရွေ့တော့ ရှင်း၍ပြချင်သည်။ ဒါပေမယ့် ကျွန်မ၏ ဖြေရှင်းချက်မှာ သူ့ကိုခယကြောင်း အဓိပ္ပာယ်မပေါ်စေချင်ပေ။ မာနမှာစိတ်ထဲတွင် ခုနေတုန်းဖြစ်သည်၊ ဧရာပါခြင်းဖျက်လိုက်သည်ကိုတော့ တစ်ဘက်မှကျေနပ်၍ နေသလိုလိုဖြစ်မိ၏၊



ကိုကိုမောင့်အခန်းသို့ ရောက်လာချိန်တွင် ဂျော့မငြိမ်ဖြစ်နေသော မင်းသားရုပ်ကိုတွေ့နေရသည်။ သူသည်ဆိုဖာပေါ်ထိုင်နေရာမှ ထ၍ခုန်လိုက်သလို ဖြစ်သွားသည်၊ အိမ်မှာမနေ့ညက ဖြစ်လိုက်သောကိစ္စများကို သူ လုံးလုံးအာမှ သိပုံမပေါ်ပေ။

မမခင်အသဲအသန်ဖြစ်လာသည့် သတင်းမှာလည်း သူ့စိတ်ကိုတုန်လှုပ်ပုံမပေါ်ပေ၊ ခါးမှပုဆိုးမှာ လျော့ရဲရဲဖြစ်နေ၍ ပြင်ဝတ်နေသည်၊

ကြွယ်သီးပြုတ်နေသော ရှပ်အကျီကြောင့် ရင်ဘတ်မှာ ဟင်းလင်းပေါ်နေသည်၊ ခေါင်းကဖွာနေသော ဆံပင်များကလည်း မနေ့ညက အရက်ဇာတ်ထုပ် မည်မျှခင်းခဲ့သည်ကို ပေါ်ပြနေသည်။ ကိုကိုမောင်၏ အရက်သမားရုပ်မှာ ခုမှကျကျနန ပေါ်လာသည်၊

ကျွန်မကို လှမ်းအကြည့်တွင် သူ့မျက်လုံးများမှာ ရဲနေသည်။ ယခင်က ကြက်သရေရှိသည်ဟုထင်ခဲ့သော မျက်ခုံးနက်နက်မှာလည်း ယခုတော့ ကြောင်ဒေါသဖြစ်သလို ထောင်နေသည်ဟုထင်ရသည်၊

"ကိုယ်မနေ့ညက Cook till ပါတီသွားလို့ ဟဲ. . ဟဲ. . ယု. . . ထိုင်ဦးလေ. . . . "

ချော့သံသည် သူ့စကားလုံးထဲတွင် ပါလာသည်၊

"ခဏနေဦး. . "

နောက်ဘက်ခန်းသို့ဝင်သွားကာ စာရွက်များကိုင်၍ ပြန်

www.burmeseclassic.com



ထွက်လာသည်။ ဆိုဖာပေါ်တွင်ပြန်ထိုင်ပေမယ့် သူ့ခန္ဓာကိုယ်မှာဂဏှာမငြိမ်သလို ဖြစ်နေသည်။

"ကိစ္စတစ်ခုက. . . အရေးကြီးနေလို့ ခေါ်ရတာ. . ."

"ဘာကိစ္စလဲ. . . ကိုကိုမောင်. . ."

သူသည် စာတစ်ရွက်ကို ရှေ့ယူတင်ရင်း ကျွန်မမျက်နှာကို မကြည့်ဘဲ စကားပြောနေသည်။

"ဟိုတစ်ခါ ကိုယ်နဲ့တွေ့တဲ့ မစ္စတာဘောလ်ကို မှတ်မိလား"

BURMESE CLASSIC .com

"မှတ်မိပါတယ်. . ."

"ဘောလ်နဲ့. . . ကိုယ်နဲ့ စာချုပ်ချုပ်ရာရှိလို့. . ."

"ရှင်. . ."

ကျွန်မသည် အံ့အားသင့်သွားသည်။ သူစကားပြောနေပုံမှာ ရဲရဲဝံ့ဝံ့မဟုတ်ပေ။ တစ်စုံတစ်ရာကို ရှက်သလိုဖြစ်နေသည်။ တံတွေးကိုလည်း ခဏခဏမျိုနေသည်။ ကျွန်မကို ဘာဖြစ်၍ မျက်နှာချင်းဆိုင် မပြောလည်းမသိပေ။

"သူ ခုညနေ ၂ နာရီလောက်မှာ စင်ကာပူကိုသွားမယ်။ ဟိုကနေ အမေရိကန်ကို ပြန်မှာဆိုတော့ ခုစာချုပ်ကို အမြန်ပြီးအောင်လုပ်ရမယ်။ သူကစသရေးဟိုတယ်နံပါတ် ၈-မှာတည်းတယ်။ မနေ့က ယုကိုလွှတ်လိုက်မဲ့အကြောင်း သူ့ကိုပြောခဲ့တယ်။ ဒီတော့. . ."

သူသည် ကျွန်မမျက်နှာကို တစ်ချက်ကြည့်၍. . .

"ဒီတော့ ဒီကိစ္စက လျှို့ဝှက်ထားရမှာမို့ ယုကိုယ်တိုင်



လက်နှိပ်စက်နဲ့ ဒီစာချုပ်ကိုရိုက်ပေးပါ။ ကိုကိုမောင် လက်မှတ်ထိုးလိုက်မယ်၊ ပြီးတော့ သူ့ဆီသွားပြီး သူ့လက်မှတ်ကိုယူခဲ့ပေါ့"

တွေရပြန်ပြီ၊ ကျွန်မသည် ဘာတွေမှန်းမသိသော အဖြစ်ထဲမှ ယခု'မရှင်းမရှင်း' ဇာတ်ထုပ်တစ်ခုကို ထပ်၍ခင်းရဦးမည်ထင်သည်။

"ရော့. . . ဒါကမနေ့က သဘောတူခဲ့တဲ့ စာချုပ်အကြမ်းပဲ၊ ဒီကိစ္စနဲ့ပတ်သက်လို့ မေမေလည်း မသိပါစေနဲ့. . . ."

ကျွန်မသည် သူလှမ်းပေးသော စာချုပ်အကြမ်းကို လှမ်းယူ၍ ဖတ်လိုက်၏။ ကျွန်မသာပိုင်နိုင်သူဖြစ်ပါက စာရွက်ကို ဆုတ်၍ပစ်ချင်သည်၊ သူ့ကိုမော့ကြည့်လိုက်သောအခါ သူသည် မျက်နှာလွှဲနေသည်။

"ကိုကိုမောင်က. . . သိပ်ခက်တာဘဲ. . ."

ကျွန်မသည် တိုးတိုးပင်ညည်းလိုက်၏။

"ဟင်. . . ဘာပြောတယ် ယု. . ."

"ယုလဲ. . . စိတ်ညစ်ပြီ ကိုကိုမောင်. . . ဒီကိစ္စကို ယုသဘောမတူဘူး. . ."

"ဘာဖြစ်လို့လဲ ယုရယ်. . . . ဒီစာချုပ်ပြီးလို့ ငွေတစ်သောင်းရမှ ကိုကိုမောင့်ကိစ္စတွေကပြီးမှာ. . ."

ကျွန်မသည် စိတ်ကိုတင်း၍နေရသည်၊ ပြောချင်သည့်စကားလုံးများမှာ ရင်ထဲတွင်ပြည့်လာသည်၊ ကိုကိုမောင့်ကို ပို၍စုံရှာလာသည်၊ စာချုပ်ပါစာတမ်းမှာ အမေရိကန်မှ မစ္စတာဘောလ်ယူခဲ့သော ဝတ္ထုစာအုပ်-၅အုပ်နှင့် အခြားစာအုပ် ၅-

www.burmeseclassic.com

www.burmeseclassic.com



အုပ်ကိုဘာသာပြန်၍ ကိုကိုမောင်ကထုတ်ဝေရမည်ဖြစ်သည်။ ထုတ်ဝေခနှင့် တခြားစရိတ်ဘာမျှမပါ၊ စာတစ်အုပ်ကိုတစ်ထောင်ကျနှင့် စာအုပ် ၁၀-အုပ်အတွက် ငွေတစ်သောင်းကို မစ္စတာဘောလ်က ပေးရမည်ဖြစ်သည်။ စာအုပ်နာမည်များကို ဖတ်ပြီးသောအခါ ကျွန်မစိတ်ထဲတွင် ပို၍စိတ်ညစ်သည်။ မစ္စတာဘောလ် ရောက်လာကတည်းက ထိုစာအုပ်များသူ့ဆီ ရောက်လာသည်။ ကျွန်မဖတ်ပြီးသလောက်တော့ စာအုပ်တွေမှာ အမေရိကန်လူမျိုးတို့၏ ဒီမိုကရေစီကို ဝါဒဖြန့်ထားသည်။

သူတို့၏ နယ်ချဲ့မှုကို ပရိသတ်မျက်လုံးတွင် ပန်းပွင့်ဖုံး၍ထားသော စာအုပ်များလည်းပါသည်။ တရားမှုတမှု လူ့အခွင့်အရေး၊တိုင်းငယ်ပြည်ငယ်လေးတွေ၏ လွတ်လပ်မှုစသော စကားလုံးတွေကို အများဆုံးသုံးထားသော စာအုပ်များဖြစ်သည်။ ဒီစာအုပ်တွေကို ဘာသာပြန်လိုက်လျှင်. . . ကျွန်မရင်ထဲတွင် တင်းကျပ်ကျပ်ကြီးဖြစ်သွားသည်။ စာအုပ်ဆိုသည်မှာ ရောဂါပိုးထက်ပြန့်ပွားလွယ်သည်။ တစ်ခါတုန်းကလည်း ဝါဒဖြန့်ကောင်းလွန်း၍ ဖက်ဆစ်၏မစင်ပုံကို ချယ်ရီပန်းတွေလို မြန်မာတွေက မြင်ခဲ့ရသည်။ ယခုလဲ. . . .

အင်း. . . .

ကျွန်မသည် ခေါင်းကိုတွင်တွင် ခါလိုက်မိ၏။

"ယု အချိန်မရှိတော့ဘူး ဒီစာအုပ်တွေကိုလည်း တစ်နှစ်အတွင်းအပြီး ဘာသာပြန်ပေးရမယ်"

"ဟုတ်ပါတယ် ကိုကိုမောင်၊ ဒါပေမယ့် ဒီအလုပ်ဟာ



ကောင်းမယ်မထင်ဘူး၊ မေမေကြီးကလည်း ဖျက်ဆိုနားခွက်ကခိး, ထောက်တယ်၊ ဒီအကြောင်းတွေသိသွားရင် ဒုက္ခပဲ၊ ပြီးတော့ မေမေကြီးသိတာ မသိတာထက် ဒီစာအုပ်တွေဟာ မကောင်းပါဘူး. . ."

သူသည် မျက်နှာလွှဲနေပြန်သည်။ သူတွင်လည်း မတွေးနိုင်မအားနိုင်သလို ဖြစ်နေပုံရသည်။

"ကိုကိုမောင်က ကလောင်ကို တစ်သောင်းနဲ့ အမေရိကန်ကို ရောင်းစားနေသလိုဖြစ်နေတယ်. . ."

"ဟာ. . . ယုက. . . ဒီစာအုပ်က တိုင်းပြည်ကိုဘာထိခိုက်မှာလိုက်လို့. . . ."

"ကိုကိုမောင့်အပေါ်မှာ ယု ဆရာလုပ်စရာမလိုဘူး၊ ဒါပေမယ့် ဘာလို့ သူတို့ဝါဒဖြန့်ပေးရမှာလဲ၊ တခြား "စာပေ" သက်သက် စာအုပ်တွေပြည့်လို့ ဘာသာပြန်ပါလား. . ."

"ဒါက. . . . ပုလဲခေါ်ဘို့ ငွေတစ်သောင်း လိုချင်လို့."

ကျွန်မစိတ်ထဲတွင် သူ့ကိုမကြည့်ချင်ပေ။

"တခြားစာအုပ်တွေ ဘာသာပြန်တော့ ကိုယ့်ဘာသာ ထုတ်ရောင်းရမှာ၊ ရောင်းရတဲ့ငွေကို တိုက်အပ်လိုက်တော့ ကိုကိုမောင် ဘာရမှာလဲ၊ ဘာသာပြန်ခ,ရလဲ သိ,ရစေမှာ. . ."

တိုင်းပြည် မီးလောင်နေသည်ဆိုကာမှ စောင်းတီး ကောင်းနေသော နီရိုးဘုရင်နှင့် ကိုကိုမောင်မှာတူလှသည်။ သူ့မျက်လုံးတွေသည် ကြောင်၍လည်များနေသလား။

"နိုင်ငံခြားသားတွေဟာ နိုင်ငံရေးတွင်မဟုတ်ဘူး၊ လင်

www.burmeseclassic.com

www.burmeseclassic.com



မယားကိစ္စမှာတောင် ဝင်ရှုပ်နေပြီ၊ ခုကိစ္စမှာတော့ ကိုကိုမောင် သေသေချာချာ တွေးကြည့်ပါလား၊ သူတို့က တိုင်းပြည်ငယ်လေး တွေကို သူတို့အကျိုးသိမ်းသွင်း၊ လက်ဝဲဝါဒမြန်မှာစိုးပြီး သွေးရှူး သွေးတန်းဖြစ်၊ ပါးစပ်ကသာငြိမ်းချမ်းရေးတို့ တရားမျှတရေးတို့ ရေရွတ်နေပေမယ့် နောက်ပိုင်းက ပြည်ငယ်လေးတွေ ကျူး ကျော်မှုမှာ သူတို့ချည်းဘဲ"

"ဟာ. . . ယုကလည်း၊ အမေရိကန်တွေအပေါ်မှာ အရမ်းထင်လွန်းပါတယ်၊ ဘာများ လက်ဆုပ်လက်ကိုင်ပြနိုင်လို့ လဲ"

"ဪ. . . အမေရိကန်ရယ်လို့တော့ မစွပ်စွဲပါဘူး၊ ဒါ ပေမယ့် ဘယ်တိုင်းပြည်က လက်ဆုပ်လက်ကိုင်ပြနိုင်အောင် လုပ်မလည်း စဉ်းစားလည်းကြည့်ပါဦး။ 'ပုလဲ'စိတ်မွန်နေတာနဲ့ ဘာမှသတိမရဘူးလား. . ."

"မဟုတ်ပါဘူး. . . ပုလဲကိုလည်း ယုကို မုန်းနေပါ တယ်. . ."

"အဲဒါတော့ မှားလိမ့်မယ်၊ ပုလဲကိုလည်း မမုန်းဘူး၊ အမေရိကန်ရော အင်္ဂလိပ်ရော ကမ္ဘာမှာဘယ်လူမျိုးမှ မမုန်းဘူး၊ ဒါပေမယ့် ကျူးကျော်သူတွေနဲ့ နယ်ချဲ့သူတွေကိုတော့ မုန်းတယ်၊ စက်ပါတယ် မြန်မာပြည်တော့ လာသမျှဝါဒကို တိုင်းရင်းသား တွေကိုယ်တိုင်ကလက်ခံပြီး ဝါဒဖြန့်ပေးနေတာဘဲ"

သူသည် ဖြတ်ကနဲထ၍ ပြတင်းရှိရာသို့ လျှောက်သွား သည်။ အပြင်ကိုငေးကြည့်ရာမှ ကျွန်မဘက်ကိုပြန်လှည့်၍။



"ယု. . ."

"ရှင်. . ."

"မင်းဟာ ကိုယ့်ရဲ့ Private Secretary အဖြစ်ဖြစ် ကိုယ်နိုင်းရင် လုပ်ရမယ်၊ သွား. . . ခုချက်ချင်း ဒါကို ပြီးအောင်သွားရိုက်ချေ. . ."

ကျွန်မစိတ်ထဲတွင် အခံရခက်သွားသည်။ သူ၏အမိန့် ပေးပုံမှာ မနဲ့တန်ဆောင်ထားရပုံ ပေါ်နေသည်။ ကျွန်မသည် ခပ်မြန်မြန်ပင်ထ၍ တစ်ဘက်ရှိ လက်နှိပ်စက်ခန်းသို့ ထသွား လိုက်သည်။ နောက်ဆုံး ကျွန်မစိတ်ကို တိတိကျကျ ဆုံးဖြတ် လိုက်သည်။

အင်မတန် စိတ်ပျက်စရာကောင်းသော မယားတစ္ဆေ ကြီးနှင့် တွေ့နေသည်။

ကျွန်မသည် တချက်ချက်နှင့်ရိုက်ပြီး စာရွက်တစ်ရွက်ကို ယူကာသူ့ဆီသို့ ပြန်လာခဲ့သည်။ သူသည် ဆိုဖာပေါ်တွင်လှဲ၍ မျက်နှာကို လက်နှင့်အုပ်ထားသည်။

"ကိုကိုမောင်. . . ဒီမှာ. . ."

"ဟင်. . . မြန်လှချည်လား. . ."

သူသည် ထိုင်၍စာရွက်ကိုဆွဲယူလိုက်သည်။ စာချုပ် ကြမ်းကိုမူ ကျွန်မသည် ဆိုဖာပေါ်တင်လိုက်သည်။

"ဒါဘာလုပ်တာလဲ. . ."

"စာထဲမှာပါတဲ့အတိုင်းပဲပေါ့. . . ပုလဲကိုခေါ်ဘို့ ယု မကာန့်ကွက်ဘူး၊ ဒါပေမယ့် ခုစာချုပ်ကိစ္စမှာတော့ ယုပပေးဘူး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မပါ့ပါရစေနဲ့"

ဂလင်-ဂလင်နှင့် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာပြန်သည်။

"ယူ. . . သွားနားထောင်စမ်း"

ကျွန်မသည် တယ်လီဖုန်းနားထောင်၍ ပြန်ချထားသည်။

"ဒီမှာ ကိုကိုမောင်၊ မမခင် ဆေးရုံမှာဆုံးသွားပြီတဲ့"

"အေး. . . . အေး. . . "

သူ့ဟန်ပန်မှာ ဘာမှမထူးခြားဘဲ စာကိုဆက်ဖတ်နေသည်။ စာမှာ ကျွန်မ၏ထွက်စာဖြစ်သည်။

မမခင်မှာ သေသွားရသည်၊ သူ့ချစ်လင်သည် ခွေးတစ်ကောင် သေသလောက်တောင် မတုန်လှုပ်ပေ။

"ယု. . . ဘာလို့ အလုပ်ကထွက်ရမှာလဲ. . "

ကျွန်မစိတ်ထဲတွင် အမှန်တော့ ဝမ်းနည်းသွားသည်။

"ဆက်လုပ်လို့လည်း မကောင်းပါဘူး၊ အခု ကိုကိုမောင် လုပ်တာလည်း ယု မကြိုက်ဘူး။ မနှစ်သက်တဲ့အလုပ်ကို စိတ်ဆင်းရဲခံပြီး လုပ်နေတာဟာ ကျန်းမာရေးကို ထိခိုက်တာ ပဲ"

"အို. . မဟုတ်တာ၊ မထွက်ရဘူး. . "

"မဖြစ်ဘူး ထွက်ချင်တယ်၊ တိုင်းပြည်မှာဖြင့် နယ်စပ်အရောက်အရောက်ကား အကျူးကျော်ခံနေရပြီး ကိုကိုမောင်တို့ကတော့ မိန်းမအတွက်နဲ့ နိုင်ငံခြားသားတွေရဲ့ ဝါဒကိုကောင်းကောင်း ဖြန့်ပေးနေတာဘဲ၊ ကိုကိုမောင့်မှာ မင်းကိုယ်စိတ်မရှိ



တော့ဘူး၊ သရဲပူးနေသလိုဘဲ၊ ပြီးတော့. . . "

"ဘာလဲ. . . . "

သူသည် ကျွန်မထွက်စာကို လက်ထဲမှာချေမွပစ်လိုက်သည်။ တစ်မျက်နှာလုံးနီရဲ၍ ချွေးပြန်နေသည်။

ကျွန်မရင်ထဲတွင်လည်း ခံစားရသည့်ဝေဒနာမှာ သက်သာလှသည်မဟုတ်ပေ၊ အတူတွဲ၍လုပ်လာသည့် နှစ်ပိုင်းတွင် သူ့ဘာသာဘာယ်လိုဘဲပေတေနေနေ ကျွန်မကိုသာ ပညာပေးခဲ့လေသည်။

ကိုကိုမောင်မှာ ကျွန်မ၏ဆရာဆိုလည်းဟုတ်သည်၊ ကျေးဇူးရှင်ဆိုလျှင်လည်း မှန်ပေသည်။ ယခုလို နုတ်ထွက်လိုက်ခြင်းအားဖြင့် သူ့ကိုဘာဖြစ်ရာကျပေသည်၊ သူခိုင်းသည်ကို ကျွန်မက မလုပ်သည့်အပြင် အလုပ်ကပင်ထွက်လိုက်ခြင်းဖြင့် ကျွန်မအပြုအမူမှာ တင်းမာလှသည်။

ရင်ထဲမှာ လန့်၍နေသည်၊ ချိုင်းကို ကာပြန်သည့် မင်းသားလို လုံခြုံ၍ သေမှာလည်းစိုးရသေးသည်၊ ဒါပေမယ့် မတတ်နိုင်တော့ပြီ၊ ဒီလိုသာကြာကြာနေလျှင် ဒီယန္တရားကြီးတွင်လည်၍ နိုင်ငံခြားသားတို့၏ စိတ်ဓာတ်စစ်ဆင်ရေးတွင် ပါနေတော့မည်၊ သိရက်နှင့် သစ္စာဖောက်ကာမှ ပို၍ဆိုးမည်၊

သူ့ကျေးဇူးတွေကို ကျွန်မသက်တမ်းတွင် မှတ်တမ်းတင်၍ ပုဂ္ဂိုလ်အနေနဲ့ပဲ လေးစားတော့မည်၊ ယခု သူတင်ပေးသော အရှိန်နှင့် တက်နေသော ကျွန်မကခြေအနေတွင် တစ်နေ့နေ့ကျဆုံးသွားခြင်း၊ တိုးတက်လာခြင်းများမှာလည်း ကံအရာ

www.burmeseclassic.com

www.burmeseclassic.com



မပေါ်ပေါ့၊ လောကစံအလျောက်တော့ဖြင့် ကျွန်မတွေကြုံသွားရပေမည်။ ကျွန်မသည် စိတ်ကိုပြန်တင်း၍ စကားစပြောမိပြန်သည်။

"ယုမှာအမှန်တော့ ကိုကိုမောင့်ကျေးဇူးတွေ အများကြီးရှိပါတယ်၊ ခုလို လူနဲ့သူနဲ့တူအောင် စာရေးနိုင်တာဟာ ကိုကိုမောင် မြေတောင်မြှောက်ပေးလို့ပဲ၊ ယုဟာ ကိုကိုမောင့်ကို အစ်ကိုအရင်းလိုပဲ ချစ်ပါတယ်၊ အခုနေလာခဲ့တဲ့ အချိန်တွေမှာ ယုဟာ ကိုကိုမောင့် အလိုကျအားလုံး လိုက်လျောခဲ့တယ် မဟုတ်လား. . ."

သူသည် ငြိမ်၍ကျွန်မကို ကြည့်နေသည်၊

"ယောက်ျားလေးတစ်ယောက်လို နေ့နေ့ညည မရှောင် ကိုကိုမောင့်အနားမှာနေခဲ့လို့ ယု အခုလို စိတ်ဆင်းရဲရတယ်"

"ဘာဖြစ်လို့. . ."

"ကိုအောင်ကျော်က ယုနဲ့စေ့စပ်ထားတာကို ဖျက်လိုက်ပြီသိလား. . ."

"ဟေ. . . မင်းကို၊ အို. . . ဘာဖြစ်လို့လဲဟင်. . ."

သူ့မျက်နှာမှာ အတော်စိတ်မကောင်းပုံရသည်။

"ယုနဲ့ ကိုကိုမောင် ညားနေပြီလို့ အထင်လွဲတာပေါ့၊ အရက်မူးလွန်တဲ့ညတွေကို သတိရသေးရဲ့လား၊ အမြဲ အိပ်ခန်းထဲအထိ လိုက်ပို့ရတာတွေလေ၊ ပြီးတော့ ပုသိမ်ကိုသွားခဲ့တာတွေ၊ နှစ်ယောက်ထဲ သန်းခေါင်သန်းလွဲထိနေခဲ့တာတွေ၊ အဲဒါတွေစုပြီး ဦးကျော်က ညားနေပြီလို့ သတင်းလွှင့်တာပေါ့. . ."

BURMESE CLASSIC .com



"ဟယ်. . . ဗုဒ္ဓေါ၊ ကိုယ်သွားရှင်းပြမယ် ယုမသွား ရ. . ."

"မဖြစ်ဘူး၊ ကိုကိုမောင် ယုကိုခွင့်လွှတ်ပါတော့၊ ဒီမှာကိုယု ဆက်မနေချင်တော့ဘူး. . ."

ကျွန်မသည် ထိုင်ရာမှ ထ,လိုက်သည်။

"ကိုယ့်ကြောင့်တော့ ယု စိတ်မဆင်းရဲစေရဘူး. . ."

"အလုပ်,စလုပ်ကတည်းက စိတ်ဆင်းရဲခဲ့ရတာပါတဲ"

"ယု. . . မင်းတကယ်သွားမှာလား. . ."

သူသည်လည်း ထိုင်ရာမှထလိုက်သည်၊

"ဟုတ်ကဲ့ သွားတော့မယ်၊ မမခင်လည်းမရှိတော့ဘူး ပြီးတော့ ပုလဲနဲ့ကိုကိုမောင် မယူကြသ၍ ယု အတူနေဘို့ ခက်တယ်၊ အလုပ်ကိစ္စမှာလည်း ယုစိတ်မသန့်တော့ဘူး. ."

"ဟင်. ."

သူ့မျက်နှာသည် မဲ့၍မဲ့၍လာသည်၊ ကျွန်မ ရှေ့သို့ တိုးလာတာ ကျွန်မပခုံးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍လှုပ်လိုက်သည်၊ သူ့မျက်လုံးတွေမှာ ဝိုင်းစက်၍ ကျွန်မကိုစိုက်ကြည့်ရင်း. . .

"မိခင်ယု. . . ကိုယ်တစ်ယောက်တည်းရှိတော့တယ်။ ကိုယ့်ကိုအားလုံးက စွန့်သွားပြီ၊ မင်းကပါ ကိုယ့်ကိုပစ်သွားတော့မယ်. . . ဟင်"

သူ့အသံများသည် လှိုက်၍တုန်လာသည်၊ ရင်ထဲမှ ဝေဒနာ၏သရုပ်ကို အသံလှိုင်းများက ဖော်ပြနေသည့်မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း မျက်ရည်တွေ စို့လာသောအခါ ကျွန်မလန့်သွားတော့သည်။

"ယု. . ကိုခွင့်လွှတ်ပါ ကိုကိုမောင်"

စိမ်းပင် စိမ်းလိုက်ရပေမယ့် မပြတ်နိုင်သောသံယောဇဉ်ကြောင့် ကျွန်မအသံတွေလည်း တုန်လာသည်။ မျက်ရည်တွေလည်းဝိုင်း၍လာတော့သည်။

"အေး သွားတော့ မိခင်ယု. . . ၊ မင်းကိုတော့ ကိုယ်သန့်သန့်ရှင်းရှင်းနဲ့ ညီမလေးတစ်ယောက်လို ချစ်ပါတယ်၊ ကိုယ့်အချစ်အပေါ်မှာတော့ မင်းလေးစားစေချင်ပါတယ်. . . သွားတော့"

သူသည်တကယ်ပင် ရှိုက်၍ရှိုက်၍ငိုသည်။ ကျွန်မစိတ်ထဲတွင် အဓိပ္ပာယ်မတွေးတတ်တော့၊ ကျွန်မပခုံးကို ဆုပ်ကိုင်ထားသောလက်များကို ဖြည်းဖြည်းလျော့ချလိုက်တော့သည်။ ဆံပင်ကဖရိုဖရဲ အသားတွေနီစပ်၍ ပုဆိုးလျော့ရဲရဲနှင့် ငိုနေပုံမှာ မင်းသားချောကြီးနှင့် တူလာသည်၊

ကျွန်မသည် ကြာကြာနေ၍မဖြစ်တော့၊ မင်ကိုယ်စိတ်ရင်းအားဖြင့် ကျွန်မအပေါ် စိတ်ကောင်းထားသူတစ်ယောက်ဖြစ်သည်။ သူ့ကိုကြာကြာကြည့်နေလျှင် ကျွန်မသနားလာ၍သွားဖြစ်တော့မည်မဟုတ်တော့၊ ကျွန်မသည် တစ်ချက်သူ့ကိုကြည့်၍. .

"သွားတော့မယ်. . . " တစ်ခွန်းသာပြောကာ အခန်းပြင်သို့တပြေးအလွှား ထွက်လာခဲ့ပါသည်၊

BURMESE CLASSIC .com



စိတ်ထဲတွင် လူဆိုးဂိုဏ်းလက်မှလွတ်လာသလို တအားကျန်. ပြုံးနေမိ၏။ အမှန်လည်း လူဆိုးဂိုဏ်း မဟုတ်သော်လည်း အဆိုးဝါးဆုံးဟိုဋ္ဌာနနှင့် တူလှသည်။ 'တက်နေဝန်း' သတင်းစာတိုက်အနေနှင့်မမြင်၊ နိုင်ငံခြားသားတို့၏ ဝါဒဖြန့်ရာဌာနကြီးဟုမြင်လာလေ၊ စိတ်ထဲမှ ရွံ့မုန်းကြီးဖြစ်လာတော့သည်၊

ကျွန်မနောက်မှ တစ်ယောက်ယောက်တော့ လိုက်လာလေသည်။ တိုက်ဝအရောက် ကျွန်မခြေကုန်အသုတ်တွင် နောက်မှလက်ကို ဖမ်းဆွဲလိုက်သည်၊

"ယု. . . နေဦး. . . "

"ဟင်. . . "

လက်ဆွဲထားသူမှာ ကိုအောင်ကျော် ဖြစ်နေသည်။

"ယု ဘယ်သွားမလို့လဲ"

"ဒီမှာ မနေချင်ဘူး၊ ဘယ်ပဲဖြစ်ဖြစ် ယုသွားတော့မယ်"

"ကိုယ်. . . ကိုယ်. . . ကိုယ်လည်း လိုက်မယ်လေ. . "

"ဟင်. . . "

ကျွန်မသည် မျက်လုံးအကြောင်သားနှင့် ငေးနေမိသည်၊ ခဏတော့ အံ့အားသင့်နေသည်၊

"ဘာလို့. . . ရှင်ကလိုက်ရမှာလဲ"

"ကိုယ်လည်း ဒီမှာမလုပ်ချင်ဘူး. . . "

သူသည် အနည်းငယ်တုန်နေသည်၊

"စာအုပ်တစ်အုပ် ကိုယ့်ကို ဖိဝိနဲ့ ဘာသာပြန်ခိုင်းတယ်၊ ကိုယ်လည်း ယုနဲ့လက်ထပ်ချင်လို့ လက်ခံလိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီစာအုပ်ကို မပြန်ချင်တော့ဘူး"

ကျွန်မစိတ်တွင် ပို၍ညစ်သွားသည်၊ အမေရိုက်ကန်ပေးသည့် ၁၀၀ဝီ ထဲမှ ၄၀ဝီ ခေါင်းပုံဖြတ်လိုက်ပါပကော. . .

"အင်း. . ဒီလိုဆို ကိုအောင်ကျော် သဘောဘဲ ယူတော့သွားတော့မယ်. . . "

"ယုနဲ့အတူ ကိုယ်လည်းလိုက်မယ်"

"အတူ. . . "

ကျွန်မသည် မျက်လုံးအပြူးသားနှင့် ပြန်မေးမိသည်။

"အင်းပေါ့. . "

ကိုင်ထားသော ကျွန်မလက်ကိုတင်းတင်းဆုပ်လိုက်၍.

"အတူလိုက်မယ် ယုကို စာရေးခဲ့မိတာ ခွင့်လွှတ်ပါ၊ ယုနဲ့ကိုကိုမောင်အခန်းထဲမှာ ပြောနေတဲ့စကားတွေ ကိုယ်အကုန်ကြားတယ်၊ စာအုပ်ပြန်ပေးဘို့လာတာ အပြင်ကစောင့်နေရတာပေါ့။ ခွင့်လွှတ်ပါ ယု တဲ့လာသွားကြစို့"

သူသည် ကျွန်မလက်ကို ပိုင်ပိုင်နိုင်နိုင်မင်ဆွဲ၍ ရှေ့မှ မြန်မြန်ဆင်းသွားလေသည်။

ကြော်. . . ဖြစ်မှဖြစ်ရပလေ အကြောင်းတရားများနှယ်

သူ့နောက်က ကမန်းကတန်းလိုက်ခဲ့ရပေမယ့် တိုက်ဝရောက်သောအခါ စိတ်ထဲတွင် ဝမ်းသာသွားသည်။ မြေကိုနင်း၍ မိုးကိုမြင်ရသည့်တမြိုင်နက်. . .

"လွှတ်ပြီ ကျွတ်ပြီ" လို့ပင် အော်မိဏီ။ အနှောင်အဖွဲ့မှ ကျွန်မတို့ လွတ်ခဲ့လေပြီ။

ခင်နှင်းယု

www.burmeseclassic.com